# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး
# ဒသမနေ့မှတ်တမ်း

## ၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
## (၂၀၁၁ ခုနှစ်၊ မတ်လ ၁၅ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ အစည်းအဝေးကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊၁၀ း ၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး ဒသမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀ း ၀၃ ။**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃)ဦး ရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို (၄၃၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့(၉၉.၇၇) ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ယခုအစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀ း ၀၇ ။**

**ဥက္ကဋ္ဌ။** ။လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေး ဒသမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေ (၄၃၃)ဦး၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြု ထားသူ(၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသူ မရှိသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကိုသက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ရခိုင်ပြည်နယ်တွင် စက်မှုလုပ်ငန်း သင်တန်းကျောင်းတစ်ခု တည်ဆောက် ဖွင့်လှစ်ပေးရေး နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀ း ၁၀ ။**

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကမေးမြန်းထားတဲ့ မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်တဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ဖြေကြားခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းပြီးချိန်မှာ ဖြေကြားရမယ့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မာန်အောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်က ရခိုင်ပြည်နယ်တွင် စက်မှုလုပ်ငန်းသင်တန်းကျောင်းတစ်ခု တည်ဆောက်ဖွင့်လှစ်ပေးရေးနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**အချိန် ၊ ၁၀ း ၁၁ ။**

**ဦးအောင်စိန်(မာန်အောင် မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရခိုင်ပြည်နယ် ၊ မာန်အောင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်ဖြူမြို့နယ်မှာ ရေနက်ဆိပ်ကမ်း စီမံကိန်းနဲ့ ကျောက်ဖြူမြို့နယ်၊ မဒေးကျွန်းတွင် လောလောဆယ် တည်ဆောက်နေတဲ့ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း စီမံကိန်းစသည့် စက်မှုလုပ်ငန်းကြီးများ ပေါ်ပေါက်လာပြီဖြစ်သဖြင့် လွန်စွာပင် ဝမ်းသာပီတိ

ဖြစ်မိပါတယ်ခင်ဗျား။ ဖော်ပြပါ လုပ်ငန်းကြီးများ တည်ဆောက်ရေးနဲ့ ရေရှည်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ ကျွမ်းကျင်လုပ်သားများ မြောက်များစွာ လိုအပ် လာပြီဖြစ်ပါတယ်။

အထက်ပါ စက်မှုလုပ်ငန်းကြီးများအတွက် ကျောက်ဖြူခရိုင် အတွင်းရှိ မြို့နယ်များနဲ့ နီးစပ်ရာ မြို့နယ်များမှ လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာစေရန်နဲ့ ဒေသခံလူငယ်များလည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာစေရန်တို့အတွက် ကျောက်ဖြူမြို့နယ်တွင် စက်မှုလုပ်ငန်း သင်တန်းကျောင်းတစ်ခု မဖြစ်မနေ လိုအပ်လာပြီ ဖြစ်ပါတယ်ခင်ဗျား။ ၄င်းစီမံကိန်းများတွင် အဓိက သင်ကြားပေးရမယ့် သံဂဟေဆက် ဝရိန်လုပ်ငန်းပညာရပ်၊ သံချည်သံကွေး၊ သံပိုက်ဆက်ပညာရပ်နဲ့ လျှပ်စစ်ပညာရပ်များ စသည်တို့ကို သင်တန်းကာလ ခြောက်လ သို့မဟုတ် တစ်နှစ်အတွင်း စာတွေ့၊ လက်တွေ့ သင်ကြားပြီး၊ သင်တန်းဆင်း အောင်လက်မှတ်များဖြင့် အလုပ်လုပ်ကိုင်နိုင်ကြရေးအတွက် ကျောက်ဖြူ မြို့နယ်အတွင်း စက်မှုသင်တန်းကျောင်းတစ်ခု တည်ဆောက်ဖွင့် လှစ်ပေးရန် အစီအစဉ် ရှိ မရှိ သိလိုပါ တယ် ခင်ဗျား။အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀ း ၁၂ ။**

**ဦးသောင်း(ဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန် ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်မှ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်လာမည့်စက်မှုလုပ်ငန်း ကြီးများအတွက်လိုအပ်မည့်ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် စက်မှုလုပ်ငန်းသင်တန်းကျောင်း တစ်ခုတည်ဆောက်ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ၊ မရှိသိလိုပါသည်ဆိုသည့်မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းမှ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့်စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် များစွာ လိုအပ်သည့်ကျွမ်းကျင်လုပ်သား (Skilled Labour)မွေးထုတ်ပေးနိုင်ရေးအတွက် အစိုးရနည်းပညာ အထက်တန်း ကျောင်းများတည်ဆောက်ဖွင့်လှစ် လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ ရခိုင် ပြည်နယ်၊ စစ်တွေမြို့တွင် အစိုးရ စက်မှုလက်မှုအထက်တန်းကျောင်း (စစ်တွေ)အား ဖွင့်လှစ်ထား

ရှိပြီးဖြစ်ပါတယ်။ အဆိုပါ အစိုးရနည်းပညာ အထက်တန်းကျောင်း(စစ်တွေ)တွင် အဆောက်အဦ တည်ဆောက်ရေး အတတ်ပညာ၊ အဆောက်အဦသုံး ပစ္စည်းများပြင်ဆင်ခြင်း အတတ်ပညာ၊ လျှပ်စစ် ဆက်သွယ်မှုဆိုင်ရာ အတတ်ပညာ၊ စက်မှုပုံစံပြု အတတ်ပညာ၊ စက်မှုပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်း အတတ်ပညာ၊ လျှပ်စစ်စွမ်းအားဆိုင်ရာ အတတ်ပညာ စသည့် ဘာသာရပ် ခြောက်ခုအား ဖွင့်လှစ် သင်ကြားလျက်ရှိပြီး၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၃၁ ဦး တက်ရောက် သင်ကြားလျက် ရှိပါ တယ်။ အဆိုပါ ကျောင်းသူ၊ ကျောင်းသားများသည် သက်ဆိုင်ရာ သင်တန်းများတွင် အောင်မြင် ပြီးမြောက်ပါက မိမိတို့ သင်ယူခဲ့သည့် အတတ်ပညာများနှင့် ဆက်စပ်သည့် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ စက်ပစ္စည်း ကိရိယာများ၊ ထုတ်လုပ်မည့် စက်မှု လုပ်ငန်းကြီးများတွင် ကျွမ်းကျင်လုပ်သားများအဖြစ် ဝင်ရောက် လုပ်ကိုင်နိုင်ကြမည်ဖြစ်ပါတယ်။ ဒီအစိုးရ နည်းပညာ အထက်တန်းကျောင်းမှ ထူးချွန်စွာ အောင်မြင်ခဲ့သူများ၊ ဥပမာ ဘာသာစုံ အောင်မှတ် ၇၅% အထက် ရရှိသူများသည် အစိုးရစက်မှုလက်မှုသိပ္ပံ(Government Technical Institute)၊ အစိုးရ နည်းပညာ ကောလိပ်(Government Technical College)နှင့် နည်းပညာ တက္ကသိုလ် (Technological University )များတွင် ပထမနှစ်မှ စတင်တက်ရောက် သင်ကြားနိုင် သော အခွင့် အလမ်းများ ပေးထားပါသည်။ အစိုးရ နည်းပညာအထက်တန်းကျောင်းမှ နှစ် နှစ် သင်ယူ အောင်မြင်သူ များသည် လုပ်ငန်းခွင် သို့ ဝင်ရောက်နိုင်ပြီး၊ အဆင့်မြင့် ဒီပလိုမာ သင်တန်းများ တက်ရောက်ရန် ဆန္ဒရှိ သူများအတွက်လည်း သင်တန်းများ တက်ရောက်နိုင်ရန် စီစဥ်ထားပြီး ဖြစ်ပါတယ်။ ယခုကဲ့သို့ ဖြေကြားခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ဖြေကြားရင်း နိဂုံးချုပ် အပ်ပါတယ်။ (သြဘာသံများ)

**တိုင်းရင်းသားစာပေတစ်ခုကို ပူးတွဲသင်ကြားစေသည့် ဥပဒေတစ်ရပ်ရေးဆွဲအကောင်အထည်ဖော်ရေး နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးမောက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းအား တိုင်းရင်းသားစာပေတစ်ခုကို ပူးတွဲသင်ကြားစေသည့် ဥပဒေတစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရေး နှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀ း ၁၅။**

**ဦးဇော်ထွန်း(မိုးမောက် မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်လျက်ရှိကြရာ အများအားဖြင့် ကိုယ်ပိုင်ဘာသာစကား၊ စာပေ၊ယဉ်ကျေးမှုတို့ရှိကြပါတယ်။ယခုအခါအစိုးရစာသင်ကျောင်းများတွင် စာပေစတင်သင်ကြားရာ၌ မိခင်ဘာသာ စာပေဖြင့် ပူးတွဲသင်ကြားခွင့် မရကြသောကြောင့် တိုင်းရင်းသားကလေးသူငယ်များ စာတတ်မြောက်မှုနှုန်းမှာ များစွာနည်းပါးနေပါတယ်။ မိမိတို့ စာပေကို လေးစားတန်ဖိုးထားလျက် သင်ကြားမှုမရှိလျှင် စာပေရော လူမျိုးပါ တဖြည်းဖြည်း ပျောက်ကွယ်သွားမည်ကို စိုးရိမ်မိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁)၊ ပုဒ်မ ၂၂ ပါ အချက်များအရ တိုင်းရင်းသားများ၏ စာပေ၊ စကား၊ အနုပညာ၊ ယဉ်ကျေးမှု တို့ကို လေးစားတန်ဖိုးထားလျက် ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်က ကူညီဆောင်ရွက်မည်ဟု သိရှိရ ပါတယ်။ အထက်ပါကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အစိုးရ စာသင်ကျောင်းများတွင် မြန်မာစာပေကို အဓိကသင်ကြားခြင်းအပြင် စိတ်ကြိုက်ဘာသာရပ် တိုင်းရင်းသား စာပေတစ်ခုခုကို ပူးတွဲသင်ကြားစေသည့် ဥပဒေတစ်ရပ် ရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀ း ၂၂ ။**

**ဒေါက်တာချမ်းငြိမ်း(ဝန်ကြီး ၊ ပညာရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ပုဂ္ဂိုလ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ဆက်ရင်းကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေလို့ပထမဆုံးဆုမွန် ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်းဖြစ်ပြီး၊ ပညာရေးဆိုင်ရာကဏ္ဍမေးခွန်းများကို ယနေ့ဖြေကြားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ထွန်းရဲ့ သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီးများ၏ အစိုးရ စာသင်ကျောင်းများတွင် မြန်မာစာပေကို အဓိက စတင်သင်ကြားခြင်းအပြင် စိတ်ကြိုက်

ဘာသာရပ်အဖြစ် သက်ဆိုင်ရာ တိုင်းရင်းသားစာပေ တစ်ခုကို ပူးတွဲသင်ကြားစေမည့် ဥပဒေ တစ်ရပ် ရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး အစီအစဥ် ရှိ၊ မရှိ မေးမြန်းခြင်းနှင့် စပ်လျဥ်း၍ အောက်ပါအတိုင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာရေး ရည်ရွယ်ချက်ဖြစ်တဲ့ ပြည်ထောင်စုစိတ်ဓါတ်၊ မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်၍ အခြေခံပညာကောင်းများ ပြည့်ဝသည့် နိုင်ငံ့သားကောင်းများ အဖြစ် လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် အခြေခံပညာသင်ရိုးညွှန်းတမ်းများကို ပြည်တွင်းပြည်ပ ပညာရှင်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ပညာရှင်များနှင့် ညှိနှိုင်းပြီး နိုင်ငံတကာစံချိန်မီ အဆင့်မြှင့်တင် ရေးဆွဲထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုစည်းနေထိုင်လျက်ရှိရာ ဘာသာစကားများလည်း များစွာရှိပါတယ်။ အချို့မှာ လူမျိုးစုတူသော်လည်း ဘာသာစကားများမှာ ဒေသအလိုက် ကွဲပြားမှုရှိနေပါတယ်။ ပြည်နယ်/တိုင်းဒေသကြီး အသီးသီး တွင်ပင် လူမျိုးစုပေါင်းများစွာ စုစည်းနေထိုင်လျက်ရှိပါသဖြင့် ကျောင်းတစ်ကျောင်းမှ အတန်းတစ်တန်း ထဲမှာပင် လူမျိုးစုတစ်ခုတည်း သီးသန့်မရှိနိုင်ဘဲ လူမျိုးပေါင်းစုံပါဝင်နေသည်ကို တွေ့ရှိရမှာ ဖြစ်ပါ တယ်။ လက်ရှိ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများသည် နိုင်ငံတော်၏ ပညာရေး ရည်မှန်းချက် များနှင့် အညီဖြစ်ပြီး ပညာရေးသဘောတရားအရလည်း ကလေးသူငယ်များ၏ အသက်အရွယ်၊ လက်ခံ သင်ယူနိုင်စွမ်းရည်နှင့် ကိုက်ညီသော ဘာသာရပ်များကို ထည့်သွင်းရေးဆွဲ ထားပါတယ်။ ၎င်းအပြင် မြန်မာနိုင်ငံတွင် ရုံးသုံးစာသည် မြန်မာစာဖြစ်သဖြင့် အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် မြန်မာစာနှင့် နိုင်ငံတကာသုံး အင်္ဂလိပ်စာတို့ကို ထည့်သွင်းရေးဆွဲထားခြင်း ဖြစ်ပါတယ်။

သို့ပါ၍ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများစွာ ရှိသည့် အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် တိုင်းရင်းသား စာပေတစ်ခုချင်းစီကို အခြေခံပညာ သင်ရိုး ညွှန်းတမ်းတွင် ထည့်သွင်းရေးဆွဲ၍ သင်ကြားပေးရန်မှာ လောလောဆယ် မဖြစ်နိုင်သေးပါ။ မိမိ တိုင်းရင်းသား စာပေကို ကျောင်းပြင်ပသင် ပညာရေးအနေဖြင့် သင်ကြားဆောင်ရွက်လိုပါက လိုအပ် သည်များကို ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီး ဒီနေရာမှာပဲ ခေတ္တစောင့်ဆိုင်းပေးပါ။

**မြောက်ဦးမြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရေး နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မြောက်ဦး မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာ က မြောက်ဦးမြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄ ။**

**ဦးအောင်ထွန်းသာ(မြောက်ဦး မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းသာယာရှိကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်မေးမယ့် မြောက်ဦးမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရေးနဲ့ စပ်လျဉ်း၍ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ ၊ ပညာရေးဝန်ကြီးဌာန ၊ အမှတ်(၁)အခြေခံပညာဦးစီး ဌာနမှ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီ လ ၁၈ ရက် နေ့စွဲပါ စာအမှတ်၊ ဌာနခွဲ(၁-ခ)/၃၁၂/ကျောင်းတိုး (၂၀၁၁) ဖြင့် အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ပြုထားပြီးဖြစ်ကြောင်း သိရှိရပါသဖြင့် ကျွန်တော့်မေးခွန်းကို မေးမြန်းရန် မလိုတော့ကြောင်း တင်ပြအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ မြောက်ဦးမြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းကို အထက်တန်း ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုလိုက်တဲ့အတွက် နိုင်ငံတော်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး၊ ကူညီပံ့ပိုးပေးတဲ့ ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးတို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြား လိုပါတယ်။ အားလုံး ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဒေါက်တာချမ်းငြိမ်း(ဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မြောက်ဦးမြို့နယ် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွန်းသာက ကျွန်တော့်ရဲ့ကိုယ်စား ဖြေကြားပေးသွားတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျောင်းကိုလည်း စိစစ်ပြီးပြီဖြစ်ကြောင်း ထပ်မံအတည်ပြု ပြောကြား အပ်ပါတယ်။ (သြဘာသံများ)

## အခြေခံပညာကျောင်း အဆောက်အဦများအား ထိန်းသိမ်းပေးနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ ။** ။ မာန်အောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဦးအောင်စိန်က အခြေခံပညာကျောင်း အဆောက်အဦများအား ထိန်းသိမ်းပေးနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀ း ၂၈ ။**

**ဦးအောင်စိန်(မာန်အောင် မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြုရင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မာန်အောင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာရေးကဏ္ဍနှင့်ပတ်သက်လို့ တင်ပြလိုပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ် တစ်ခုလုံးသည် ပင်လယ်ဆားငန်ရေအမြဲတမ်း ပြည့်လျှံပြီး ရာသီဥတုပြင်းထန်၍ သဘာဝဘေး အန္တရာယ်ကျရောက်မှုတို့ကို မကြာခဏခံစားနေကြရပါတယ်။ ၂၀၁၀ခုနှစ်ကကဲ့သို့ ဂီရိမုန်တိုင်း တိုက်ခတ်၍ ကျောက်ဖြူ၊ မြေပုံ၊ ပေါက်တောနှင့် မင်းပြားမြို့နယ်များ ပျက်စီးဆုံးရှုံးခဲ့ပြီး လေမုန်တိုင်း အဖျားခတ်ခံရတဲ့ ကျွန်တော်တို့ မာန်အောင်ကျွန်းဒေသ ဗုဒ္ဓဘာသာ သီးသန့်ကျွန်းကလေးကိုပဲ မူလတန်းကျောင်း ၄ ကျောင်း၊ ဘုန်းတော်ကြီးကျောင်း ၃ ကျောင်းတို့မှာ သွပ်ပြားများ လွင့်ပါသွားခဲ့ပြီး သွပ်အချပ်ပေါင်း ၁၆၀ ကျော် ပျောက်ဆုံးပျက်စီးခဲ့ပါတယ်။ သို့သော်လည်း အထက်ဌာနများကို ကျွန်တော်တို့ တရားဝင် တင်ပြတောင်းခံခြင်း မပြုတော့ဘဲ ကျွန်တော်တို့ မြို့နယ်က မယကအဖွဲ့နဲ့ ပြည်ခိုင်ဖြိုးအဖွဲ့ ၊ ရယကအဖွဲ့များ ပူးပေါင်းပြီး စည်းရုံးဆောင်ရွက်ခဲ့မှုကြောင့် ကိုယ့်မြို့နယ်အင်အားနဲ့ ပြန်လည်ပြုပြင်ပြီး အမိုးများ မိုးပေးခဲ့ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ရှိ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းကျောင်းများ အားလုံးလိုလိုပင် လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်မှ ၆၀ အတွင်း တည်ဆောက်ခဲ့တဲ့ ကျောင်းများဖြစ်၍ အချိန်ကာလ အလွန်ကြာမြင့်ပြီ ဖြစ်ပါသဖြင့် မိုးဒဏ်၊ လေဒဏ်၊ ပင်လယ် ဆားငန်ရေဒဏ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ကြံ့ခိုင်ကောင်းမွန်မှုမရှိဘဲ ပျက်စီးယိုယွင်းနေကြပြီ ဖြစ်ပါတယ်။ ၄င်း ကျောင်းများကို မိဘဆရာများ ပူးပေါင်း၍ နဂိုရုပ်မပျက်အောင် နှစ်စဉ် ပြန်လည်ပြင်ဆင် ထားကြရပါတယ်။ သို့ပါ၍ အထက်ပါ အခြေခံပညာကျောင်းများ ၊ အဆောက်အဦများကို ရေရှည် တည်တံ့၍ ကြံ့ခိုင်မှုရှိစေရန်အတွက် နိုင်ငံတော်မှ နှစ်စဉ်ပြုပြင်ထိန်းသိမ်းရေးစရိတ်များ လုံလုံ

လောက်လောက်ဖြင့် ဦးစားပေးကူညီပေးနိုင်ရန် အစီအစဉ်ရှိ မရှိ သိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀ း ၃၀ ။**

**ဒေါက်တာချမ်းငြိမ်း(ဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။မာန်အောင်မြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၏ မေးမြန်းချက်များကို အောက်ပါအတိုင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ဦးအောင်စိန်ရဲ့မေးခွန်းမှာ ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း အဆောက်အဦများအား ရေရှည် ကြံ့ခိုင်မှုရှိစေရန်အတွက် နိုင်ငံတော်မှ စရိတ်လုံလောက်စွာဖြင့် ထိန်းသိမ်းပေးနိုင်ရန် အစီအစဉ် ရှိမရှိ ဆိုတဲ့မေးခွန်း မေးမြန်းခြင်းနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံကျောင်း အဆောက်အဦများ ရေရှည်ကြံ့ခိုင်ဖွံ့ဖြိုးခြင်းရှိစေရေးအတွက် နိုင်ငံတော်မှ ခွင့်ပြုချမှတ်ပေးသည့် ဘဏ္ဍာရေး ရန်ပုံငွေဖြင့် နှစ်စဉ်ထိန်းသိမ်းပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ပြီးခဲ့တဲ့နှစ် ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်မှာ ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၈၅ ကျောင်းကို ထိန်းသိမ်းပြုပြင် အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၏ တောင်ဘက်ခြမ်း မြို့နယ်များအတွက် ဝိဇ္ဇာ သိပ္ပံတက္ကသိုလ် သို့မဟုတ် ကောလိပ်တစ်ခု ဖွင့်လှစ်ပေးနိုင်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မာန်အောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်က ရခိုင်ပြည်နယ်၏ တောင်ဘက်ခြမ်း မြို့နယ်များအတွက် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်သို့မဟုတ် ကောလိပ်တစ်ခု ဖွင့်လှစ်ပေးနိုင်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀ း ၃၂ ။**

**ဦးအောင်စိန်(မာန်အောင် မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ရွှင်လန်းချမ်းမြေ့ ခြင်း ရှိကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာရေးကဏ္ဍနှင့် ပတ်သက်ပြီး ကျွန်တော်ဆက်လက်တင်ပြလိုတဲ့ အချက်တစ်ခုက ရခိုင်ပြည်နယ်၊ တောင်ဘက်ခြမ်းမြို့နယ်များမှ တက္ကသိုလ် ကျောင်းသူကျောင်းသားများရဲ့ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ ရမ်းဗြဲကျွန်းနဲ့ မာန်အောင်ကျွန်းတို့ဟာ ရေပတ်လည်ဝိုင်းနေတဲ့ ဘင်္ဂလား ပင်လယ်အော်ထဲမှ ကျွန်းကြီးများဖြစ်ပါတယ်။

အထူးသဖြင့် ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ အခြား မြို့နယ်များနဲ့လည်းကောင်း၊ ပြည်မနဲ့လည်းကောင်း ကုန်းလမ်း၊ လေလမ်းများ ဆက်သွယ်မှုမရှိ၍ ရေကြောင်းလမ်းတစ်ခုကိုသာ အားကိုးအားထားပြုနေရပါတယ်။ မိုးဦးနဲ့မိုးကာလများ၌ လှိုင်းဒဏ်၊ လေဒဏ်၊ မုန်တိုင်းဒဏ်များကြောင့် မည်သည့်နေရာသို့မျှ မသွားရဲကြဘဲ တံခါးပိတ်ပြီးနေရတဲ့ အခြေအနေတွေ ကြုံတွေ့နေရပါတယ်။ ကျွန်တော်တို့ရဲ့ တက္ကသိုလ်ကျောင်းသူကျောင်းသားများနဲ့ အဝေးသင်ပညာရေး ကျောင်းသူကျောင်းသားများမှာ ပြည်နယ်ရဲ့မြောက်ဖက်အစွန်းမှာရှိတဲ့ စစ်တွေမြို့ကို သွားကာကျောင်းတက်ရတဲ့အတွက်ကြောင့် သွားရေးလာရေး မြန်ဆန်မှုမရှိတဲ့အပြင် လွယ်ကူမှုလည်း မရှိပါ။ ညအိပ်ပြီးတော့ သွားနေရပါတယ်။ ရန်ကုန်နဲ့ ကုန်ကျမှုစရိတ်ကလည်း မကွာခြားလှပါ။ အဲဒါကြောင့် မဖြစ်မနေ ရန်ကုန်သို့ သွားရောက်ပြီးတော့ ပညာသင်ကြားနေသူများလည်း မနည်းပါ။

သို့ပါ၍ ကျောက်ဖြူခရိုင်နဲ့ သံတွဲ ခရိုင်မြို့နယ်များမှ တက္ကသိုလ်ဝင် အောင်မြင်ပြီးသူ ကျောင်းသူကျောင်းသား များအတွက် ရခိုင်ပြည်နယ်၊ တောင်ဘက်ခြမ်းမြို့နယ်တစ်ခုခုတွင် ဝိဇ္ဇာသိပ္ပံ သို့မဟုတ် ကောလိပ်တစ်ခုခုဖွင့်လှစ် သင်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်။ အကယ်၍သာ အထက်ပါ တက္ကသိုလ် သို့မဟုတ် ကောလိပ်တစ်ခုခုကို အချိန်ယူ၍ ဖွင့်လှစ်ပေးရန် ကြာနေဦးမည် ဆိုပါက ယခု လောလောဆယ်၌ အဝေးသင်တက္ကသိုလ် ကျောင်းသူကျောင်းသားများအတွက် တောင်ပိုင်းမြို့နယ် တစ်ခုခုတွင် အဝေးသင်တက္ကသိုလ် စာမေးပွဲ စာဖြေဌာနတစ်ခု ဖွင့်လှစ်ပေးမည့် အစီအစဉ် ပြုလုပ်ပေး နိုင်ခြင်း ရှိ၊ မရှိ သိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀း ၃၅ ။**

**ဒေါက်တာချမ်းငြိမ်း(ဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ မာန်အောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၏ မေးမြန်းချက်ဖြစ်သော ရခိုင်ပြည်နယ်၏ တောင်ဘက်ခြမ်းမြို့နယ်များအတွက် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် သို့မဟုတ် ကောလိပ်တစ်ခု ဖွင့်လှစ်ပေးနိုင်ရေး အစီအစဉ်ရှိမရှိဆိုတဲ့ မေးမြန်းခြင်းနဲ့စပ်လျဉ်း၍ ရခိုင်ပြည်နယ်တွင် စစ်တွေမြို့နယ်၌ စစ်တွေတက္ကသိုလ်ကိုလည်းကောင်း၊ ကျောက်ဖြူမြို့၌ ကျောက်ဖြူပညာရေး ကောလိပ်ကိုလည်းကောင်း တည်ထောင်ဖွင့်လှစ်ထားရှိပြီးဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်တွင် နောက်ထပ် တက္ကသိုလ် သို့မဟုတ် ကောလိပ် ထပ်မံဖွင့်လှစ်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါသည်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဒေါက်တာချမ်းငြိမ်း(ဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး ကြိုတင်ခွင့်ပြုချက်အရ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်၏ ပညာရေးကဏ္ဍနှင့် ပတ်သက်တဲ့ မေးခွန်းကို ဆက်လက်ဖြေကြားပါမယ်။ ဦးစိုင်းဘိုးအောင်၏ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်တဲ့ မေးခွန်းကို ကျန်းမာရေးဝန်ကြီးဌာနမှ ဖြေဆိုပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်၏ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသမှ စီးပွားရေးတက္ကသိုလ်ကျောင်းသူ ကျောင်းသားများသည် မုံရွာစီးပွားရေးတက္ကသိုလ်သို့ သွားရောက်သင်ကြား ရခြင်း၊ ဇုန်အလိုက်သတ်မှတ်ထားသည့် တက္ကသိုလ်၊ ကောလိပ်များတွင်သာ သွားရောက်ပညာသင်ကြားရသည့် ကန့်သတ်ချက်များကြောင့်လည်းကောင်း၊ နေထိုင်စားသောက်စရိတ်နှင့် ခရီးစရိတ် ဝန်ပိမှုကြောင့်လည်းကောင်း၊ အခြေခံလူတန်းစားများ၏ သားသမီးများ အဆင့်မြင့်ပညာ ဆက်လက် သင်ကြားရေးတွင် အခက်အခဲများစွာကြုံတွေ့ရပါသဖြင့် ပညာရေး အဟောသိကံဖြစ်မှု များစွာရှိနေကာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အားနည်းနေသည်ကို တွေ့ရှိရပါသည်။ အနာဂတ်ကာလအစိုးရက လူ့စွမ်းအားအရင်းအမြစ် တိုးတက်ဖော်ထုတ်နိုင်ရေးအတွက် အားနည်းချက်များကို မည်သို့ စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားပါမယ်။

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသမှ စီးပွားရေးတက္ကသိုလ် ကျောင်းသူကျောင်းသားများသည် မုံရွာစီးပွားရေးတက္ကသိုလ်သို့ သွားရောက်ရခြင်းကိစ္စနှင့်ပတ်သက်၍ ၁၉၈၈ ခုနှစ်မတိုင်မီက စီးပွားရေးပညာကို ရန်ကုန်စီးပွားရေးတက္ကသိုလ် တစ်ခုတွင်သာ တက်ရောက်သင်ကြားခွင့်ရရှိခဲ့ပြီး၊ တစ်ပြည်လုံးမှ ကျောင်းသားဦးရေ ၁၀၀၀ ခန့်သာ လက်ခံနိုင်ခဲ့ပါတယ်။ ယခုအခါ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မုံရွာစီးပွားရေး တက္ကသိုလ်တို့ကို တိုးချဲ့ ဖွင့်လှစ်ခဲ့ပြီး၊ တစ်ပြည်လုံးမှာ ကျောင်းသားကျောင်းသူ ၆၄၀၀ အထိ တိုးမြှင့်သင်ကြားခွင့် ရရှိခဲ့ပါတယ်။ ဒါ့ကြောင့်မို့ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးမှာ အားနည်းနေသည်ဆိုတာ လုံးဝမဟုတ်ပါဘူး။ တက်ရောက်ရသည့် စီးပွားရေးတက္ကသိုလ်များသတ်မှတ်ရာတွင် နယ်မြေဒေသအခြေအနေအရ သွားလာမှုအဆင်ပြေဆုံး၊ ကုန်ကျစရိတ် အနည်းဆုံးဖြစ်စေမှုကို အခြေခံ၍သတ်မှတ်ခြင်း ဖြစ်ပါတယ်။ အခြေခံလူတန်းစားများ၏ သားသမီးများအပါအဝင် တစ်နိုင်ငံလုံး၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအားနည်းနေခြင်း မဖြစ်ပေါ်စေဘဲ ဒေသအလိုက် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေသဖြင့် ပညာရေးအဟောသိကံဖြစ်မှု လုံးဝမရှိပါကြောင်းနှင့် ဒေသအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသအတွင်းရှိ ကျောင်းသားကျောင်းသူများအားလုံး တက္ကသိုလ် ပညာကို မိမိဒေသ သို့မဟုတ် မိမိဒေသနှင့် အနီးစပ်ဆုံးတွင် ပညာသင်ယူခွင့်ရရှိရန် စီစဉ်

ဆောင်ရွက်ထားခြင်းသာ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

(သြဘာသံများ)

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ မေးခွန်းများဖြေဆိုခြင်း ပြီးဆုံးပါပြီ။ ဒါကြောင့် အစည်းအဝေးကို နာရီဝက်ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး အစည်းအဝေး ခန်းမတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးထွန်းမြင့်ဦး၊ မိုင်းပန်မဲဆန္ဒနယ်၏ '' မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် '' အဆို ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုအဆိုများ ဆွေးနွေးခြင်း အစီအစဉ် စတင်ပါမယ်။ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့မှာ မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး တင်သွင်းထားတဲ့ **''မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ''** အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် သုံးဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဦးစိုင်းစောတင်(မိုင်းယောင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့)၊ မိုင်းယောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောတင် ဖြစ်ပါတယ်။ ဒီကနေ့ ဆွေးနွေးတင်ပြမှာကတော့ မိုင်းပန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးထွန်းမြင့်ဦး တင်သွင်းထားတဲ့ မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် ဆိုတဲ့ အဆိုကို ထောက်ခံဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်သစ်တစ်ရပ်ကို စတင်ထူထောင်လျက်ရှိပြီး၊ ဒီ နိုင်ငံရေး စနစ်သစ်နဲ့ လိုက်လျောညီထွေရှိတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို လက်ခံကျင့်သုံးမယ်လို့ ကမ္ဘာသိကြေညာပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လည်း ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးဖို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။

ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးတဲ့အခါမှာ ၊ တိုင်းပြည်ရဲ့ ထုတ်လုပ်နိုင်စွမ်းအား၊ စားသုံးနိုင်စွမ်းအား၊ တင်ပို့ရောင်းချနိုင်စွမ်းအား စတဲ့ စီးပွားရေးမှာ အရေးပါလှတဲ့ အချက်အလက်ပေါင်း မြောက်များစွာ တွက်ချက်ဖို့အတွက် တိုင်းပြည်ရဲ့ မှန်ကန်တိကျတဲ့ လူဦးရေစာရင်းကို ကျား၊ မ အသက်အရွယ် ၊ နေထိုင်ရာဒေသ၊ ခွဲခြားပြီးသိရှိရန် လွန်စွာမှ အရေးကြီးလှပါတယ်။ ဒီအချက်အလက်တွေကို မှန်မှန် ကန်ကန် မသိရှိဘဲ၊ မှန်ကန်တဲ့ စီးပွားရေးစီမံကိန်းများ ချမှတ်ရန် မလွယ်ကူပါ ။

သန်းခေါင်စာရင်း ကောက်ယူခြင်းဖြင့်ရရှိမယ့် တခြားသော ကောင်းကွက်များကတော့ ကျွန်တော်တို့ နိုင်ငံတစ်ဝှမ်းမှာ တိုင်းရင်းသားအသီးသီး ဘယ်လိုပျံ့နှံ့နေထိုင်ကြသလဲ ၊ နေထိုင်ရာဒေသ အသီးသီးရဲ့ လူဦးရေ သိပ်သည်းမှု ၊ ကျဲပါးမှု ၊ စိုက်ပျိုးထွက်ရှိမှုနဲ့ စားရေရိက္ခာ လုံလောက်မှု ရှိမရှိ၊ စတာတွေအပြင် တိုင်းရင်းသားအသီးသီးရဲ့ ကျန်းမာရေး၊ ပညာရေး၊ စာပေ၊ ရိုးရာ ယဥ်ကျေးမှုကိစ္စများ နှင့် စီမံအုပ်ချုပ်ရေးကိစ္စများကိုပါ မှန်မှန်ကန်ကန် စီမံခန့်ခွဲလာနိုင်မှာ ဖြစ်ပါတယ်။

သန်းခေါင်စာရင်း ကောက်ယူခြင်းဖြင့် ရရှိမယ့်ကောင်းကျိုး နောက်တစ်ချက်ကတော့ ရွေးကောက်ပွဲ များကျင်းပတဲ့အခါ မဲဆန္ဒရှင်များစာရင်းကို အနီးကပ်ဆုံး မှန်မှန်ကန်ကန် ပြုစုပေးနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ သန်းခေါင်စာရင်းကို ၁၉၈၃ ခုနှစ် မတိုင်မီက ၁၀ နှစ်တစ်ကြိမ် ကောက်ယူ ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ယခုဆိုရင် သန်းခေါင်စာရင်း မကောက်ယူခဲ့တာ ၂၈ နှစ် ကြာခဲ့ပြီးဖြစ်လို့ ကျွန်တော်တို့နိုင်ငံရဲ့ ယနေ့ သိရှိနေတဲ့ လူဦးရေ စာရင်းဟာလည်း ခန့်မှန်းခြေ စာရင်းသာ ဖြစ်နေပါတယ်။ တိတိကျကျ မှန်ကန်တယ်လို့မဆိုနိုင်ပါ။ ဒီလိုအကြောင်းများကြောင့် မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို ပြုလုပ် သင့်ပါကြောင်း၊ မိုင်းပန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦးရဲ့ အဆိုကို ထောက်ခံဆွေးနွေး တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုအားဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၅**။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ၊ ဧည့်သည်တော်ကြီးများရှင်။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ရှင် ။ ကျွန်မကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုဖြစ်ပါတယ်ရှင့် ။ ကျွန်မက ရှမ်းပြည်နယ်၊ မိုင်းပန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမြင့်ဦးရဲ့ မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် အဆိုကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံ၊အောင်မြင်တဲ့ ဈေးကွက်စီးပွားရေးစနစ် ဖော်နိုင်ရေးဆိုတာ စာရင်းဇယားတိကျစွာရှိတဲ့ နိုင်ငံသား လူဦးရေစာရင်းနဲ့ တိုက်ရိုက်ပါဝင်ပတ်သက်နေပါတယ်ရှင် ။ နိုင်ငံသားလူဦးရေစာရင်း တိကျမှန်ကန်စွာ ရရှိမှသာလျှင် လူတစ်ဦးချင်းစီရဲ့စားသုံးမှု ၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ပစ္စည်းတင်ပို့မှု၊ ကုန်ပစ္စည်းတင်သွင်းမှုနဲ့ နိုင်ငံသား တစ်ဦးချင်းစီရဲ့ ဝင်ငွေကို တိကျမှန်ကန်စွာ တွက်ချက်နိုင်မှာဖြစ်ပါတယ်ရှင်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို စတင်တည်ဆောက်နေတဲ့ ယခုလက်ရှိအခြေအနေမှာ နိုင်ငံသားများရဲ့ လူဦးရေစာရင်း တိကျမှန်ကန်မှုဆိုတာ အလွန်အရေးပါတဲ့ အခန်းကဏ္ဍကို ရောက်ရှိနေပြီဖြစ် ပါတယ်ရှင်။ မြန်မာနိုင်ငံမှာ အင်္ဂလိပ်အုပ်စိုးတဲ့ ခေတ်ကစပြီး ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူခဲ့ခြင်းများရှိခဲ့ပါတယ်။ ၁၉၃၃ ခုနှစ် ၊ ၁၉၅၃ ခုနှစ် ၊ ၁၉၆၃ ခုနှစ်၊ ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ် တွေမှာ ကောက်ယူခဲ့ပါတယ်ရှင်။ ၁၉၄၃ ခုနှစ် မှာတော့ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခဲ့လို့ မကောက်ယူ ခဲ့ရပါဘူးရှင်။ ၁၉၈၃ ခုနှစ်ကစလို့ ယနေ့ထိ တိုင် သန်းခေါင်စာရင်း ကောက်ယူခြင်း မရှိခဲ့ပါဘူးရှင်။ ကျွန်မရဲ့စည်းရုံးရေးကာလ အတွေ့အကြုံ များအရ နိုင်ငံသားလူဦးရေ စာရင်းအမှားများကို တွေ့ရှိခဲ့ရပါတယ်ရှင်။ သေဆုံးသူများစာရင်းသာ ရှိနေပြီး၊ မဲပေးသူများစာရင်း ပျောက်နေခြင်းတွေ့ရပါတယ်ရှင်။ ဒါကြောင့် မဲပေးရာမှာ အတော်လေး ကမောက်ကမ ဖြစ်နေတာကိုလည်း တွေ့ရှိခဲ့ပါတယ်ရှင်။

ကွန်ဟိန်းမြို့နယ်၊ ကွန်ပေါက်ကျေးရွာအုပ်စုမှာရှိတဲ့ ပလောင်ရွာဖြစ်တဲ့ ဝမ့်လွမ်းရွာ၊ ဟိုပန်ကျေးရွာ အုပ်စုအတွင်းမှာ ရှိတဲ့ နန်းဟိုက်၊ နားတောင်း စတဲ့ရွာတွေဟာ လူဦးရေ ၁၅၀ ခန့်စီရှိတဲ့ ရွာတွေ ဖြစ်ကြပြီး၊ မြို့နယ် လူဦးရေစာရင်း၌ မပါရှိပါ။ ထို့အတွက်ကြောင့် ၎င်းတို့မှာ မဲပေးခွင့်

မရလိုက်ပါဘူးရှင်။ အဆိုပါ ကိစ္စမျိုးကို နေရာအနှံ့အပြားတွင်လည်း ဖြစ်ပျက်ခဲ့ကြောင်း ကြားသိခဲ့ရပါတယ်ရှင်။ ဤအခြေအနေများသည် လက်ရှိ နိုင်ငံသားလူဦးရေစာရင်း တိကျမှုမရှိခြင်းကို အမှန်တကယ် ဖော်ပြနေသော သာဓကများပင် ဖြစ်နေပါတယ်ရှင်။

ထို့ကြောင့် မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး၏ မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် အဆိုကို ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မင်္ဂလာဒုံ မဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံ မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမြင့်ဦး ၏ မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် တင်ပြသော အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြည်လုံးကျွတ်သန်းခေါင်စာရင်း စစ်တမ်း ကောက်ယူခြင်းကို ၁၉၇၃ ခုနှစ်တွင် ပြုလုပ်ခဲ့ပါတယ်။ အဲဒီလုပ်ငန်းစဥ်မှာ ကျွန်တော် အပါအဝင် ယနေ့ လွှတ်တော်အစည်းအဝေး တက်ရောက်နေကြတဲ့ ကိုယ်စားလှယ်များလည်း ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ အတွေ့အကြုံရှိမှာ ဖြစ်ပါတယ်။ သန်းခေါင်စာရင်း စစ်တမ်းကောက်ယူခြင်းဟာ နိုင်ငံတော်အတွက် လိုအပ်တဲ့ လုပ်ငန်းစဥ်တစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းရှိ လူဦးရေကို တိတိကျကျ မှန်မှန်ကန်ကန်ရရှိခြင်းကြောင့် ပြည်သူတို့ရဲ့ လူမှုဘဝ၊ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ကြီးမားသော အထောက်အကူ ဖြစ်စေမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်လုံးကျွတ် သန်းခေါင်စာရင်း စစ်တမ်း ကောက်ယူခြင်းလုပ်ငန်း ဟာ ကြီးမားကျယ်ပြန့်ပြီး တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်ရမည့် အမျိုးသားရေး လုပ်ငန်းစဥ်ကြီးတစ်ရပ်လည်း ဖြစ်ပါတယ်။ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ဒေသအားလုံးတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်ရမယ့်

လုပ်ငန်းစဉ် ဖြစ်တဲ့အတွက် ပြည်သူအများ ပါဝင်ဆောင်ရွက်ရပြီး ငွေအား၊ လူအား၊ စီမံခန့်ခွဲရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေးစတဲ့ ဘက်ပေါင်းစုံက ပါဝင်ဆောင်ရွက်ရတဲ့အတွက် လုံလောက်သော အချိန် အတိုင်း အတာတစ်ခု ရရှိရန် လိုအပ်ပါတယ်။ အဆောတလျင် ဆောင်ရွက်ပါက တိကျမှန်ကန်တဲ့ စာရင်းကို ရရှိရန်ခက်ခဲမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းအား အဆောတလျင် မဆောင်ရွက်သင့်ဘဲ သင့်တော်သည့် အချိန်အခါကို ရွေးချယ်ပြီး အချိန်ယူ ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ဦးထွန်းမြင့်ဦး ၊ မိုင်းပန်မဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ ။** ။ အဆိုနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်ဦး(ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ယနေ့ အစည်းအဝေးကို တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး နိုင်ငံတော်ရဲ့အကျိုး၊ ပြည်သူလူထုရဲ့အကျိုးကို ဆထက်ထမ်းပိုး တိုးတက်ဆောင်ရွက် နိုင်ကြပါစေလို့ ဒီနေရာက ဆုတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ လက်ရှိ လူဝင်မှု ကြီးကြပ်ရေးနဲ့ အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အပါအဝင်ဖြစ်တဲ့ ဝန်ကြီးဌာနကို တာဝန်ယူ ဆောင်ရွက်နေရတဲ့ ဦးမောင်ဦးဖြစ်ပါတယ်။ ကျွန်တော် တာဝန်ယူရတဲ့ ဝန်ကြီးဌာနရဲ့လုပ်ငန်းဖြစ်နေတဲ့အတွက် ကိုယ်စားလှယ်တော်ကြီး ဦးထွန်းမြင့်ဦး မေးမြန်းလာတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ လုပ်ငန်းစဉ်နဲ့ အခြေအနေတွေကို ကိုယ်စားလှယ်တော် ကြီးများ အားလုံး နားလည်သဘောပေါက်အောင် ရှင်းလင်းပေးဖို့ တာဝန်ရှိတယ်လို့ ခံယူပါတယ်။ ၈-၂-၂၀၁၁ ခု ရက်စွဲနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးထွန်းမြင့်ဦး အဆိုပြုထားတဲ့ မေးခွန်းမှာတော့ အချက် လေးချက် တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၈၃ ခုနှစ်နောက်ပိုင်း အကြောင်း အမျိုးမျိုးကြောင့် သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့ခြင်းမရှိပါ။ နိုင်ငံတစ်ခုရဲ့ သန်းခေါင် စာရင်းဟာ အောက်ပါ ကိစ္စရပ်များအတွက် အရေးကြီးပါသည်-

(က) ဖွံ့ဖြိုးရေးစီမံကိန်းများ စနစ်တကျ ရေးဆွဲနိုင်ရန်အတွက် နိုင်ငံရဲ့ လူသားအရင်းအမြစ် လုပ်အားရှင် စာရင်းများလိုအပ်ပါသည်။

(ခ ) နောင်ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲနဲ့ ရွေးချယ်တင်မြှောက်ပွဲများအပါအဝင် ဖြစ်သည့် ရွေးကောက်ပွဲများတွင် နိုင်ငံသားမဲပြားအတွက် အရေးကြီးသည့် စာရင်းဇယား အခြေခံခိုင်မာရေး လိုအပ်လျက်ရှိပါသည်။

(ဂ ) ပြည်တွင်းပြည်ပ ရွှေ့ပြောင်းလုပ်သားဦးရေ စီးဆင်းမှုကို မှန်ကန်ထိရောက်စွာ စောင့်ကြည့် ထိန်းကျောင်းရန် လိုအပ်ပါသည်။

(ဃ) တိုင်းရင်းသားလူမျိုးနွယ်စုများရဲ့ စာရင်းဇယားအမှန်အကန်ရရှိမှသာလျှင် ၎င်းတို့ရဲ့ စာပေနဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များမြှင့်တင်ရေးလုပ်ငန်းများအတွက် ထိရောက်စွာ ကူညီနိုင်မည်ဖြစ်ပါသည်။ အထက်ပါ အကြောင်းရင်းများကြောင့် မြန်မာနိုင်ငံ တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် အဆိုတင်သွင်းအပ်ပါသည်။

ဆိုပြီးတော့ အဆိုပြုထားတဲ့ ကိစ္စဖြစ်ပါတယ်။ အချက် လေးချက် ပါဝင်ပါတယ်။ အဲဒီအချက်များနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

သန်းခေါင် စာရင်းဆိုသည်မှာ လူတစ်ဦးနဲ့ပတ်သက်၍ သတ်မှတ်သော နယ်မြေတစ်ခုတွင် အချိန်တစ်ချိန်တည်း၌ တည်ရှိနေသော အကြောင်းအရာ အချက်အလက်များကို မထပ်မကျန်ရအောင် ကောက်ယူရခြင်းဖြစ်ပါတယ်။ ဒါကြောင့်နိုင်ငံတကာမှာ သန်းခေါင်စာရင်းကောက်ယူခြင်းနဲ့ ပတ်သက်ပြီးတော့ အင်္ဂါရပ် လေးမျိုး ပြည့်စုံဖို့လိုအပ်တယ်လို့ သတ်မှတ်ထားရှိပါတယ်။ အဲဒါတွေကတော့ -

(က) လူပုဂ္ဂိုလ် တစ်ဦးစီရဲ့ အကြောင်းရင်းများကို တစ်သီးတစ်ခြား ကောက်ယူခြင်း (Individuality) ဖြစ်ပါတယ်။

(ခ) စာရင်းကောက်ယူကွက် အသီးသီးတွင် လူထပ်ခြင်း၊ လူကျန်ခြင်းမရှိအောင် စာရင်းကောက်ယူခြင်း (Universality) ဖြစ်ပါတယ်။

(ဂ ) လူတစ်ဦးစီကို စာရင်းကောက်ရာမှာ သတ်မှတ်ထားသော နေ့နှင့်အချိန်၌ တည်ရှိနေသည့် အချက်များကိုသာ စာရင်းကောက်ယူခြင်း (Simultaneity) ဖြစ်ပါတယ်။

(ဃ) သန်းခေါင်စာရင်းကောက်ယူခြင်းဟာ ငါး နှစ် သို့မဟုတ် ၁၀ နှစ်ကာလ တစ်ကြိမ် မှန်မှန်ဆောင်ရွက်ခြင်း(Defined Periodicity) ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများ ထောက်ခံဆွေးနွေးသွားတဲ့ သုံး ယောက်ထဲမှာလည်း အချို့အချက်တွေ ပါပြီးဖြစ်ပါတယ်။ မှန်ပါတယ်။ ကျွန်တော်တို့ သန်းခေါင်စာရင်းဌာနအနေနဲ့ ဟိုတုန်းက ခေါ်ဆိုတဲ့အဆိုဖြစ်ပါတယ်။ ၁၉၅၃ ခုနှစ်မှာ မြို့နယ် ၂၅၂ မြို့နယ် ၊ ၁၉၅၄ ခုနှစ်မှာ ကျေးရွာအုပ်စုပေါင်း ၂၁၄၃ ကို သန်းခေါင်စာရင်း ကောက်ယူခဲ့ပါတယ်။ ၁၉၇၃ ခုနှစ်မှာတော့ လူထုလှုပ်ရှားမှု

အသွင်နဲ့ ပြည်လုံးကျွတ် သန်းခေါင်စာရင်းတွေ ကောက်ယူနိုင်ခဲ့ပြီးတော့ မဲဆန္ဒရှင်စာရင်းကိုပါ တစ်ပြိုင်တည်း ပြုစုနိုင်ခဲ့ပါတယ်။ ဒီ ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူနိုင်မှုအတွက် ၁၉၇၂ ခုနှစ်ဧပြီလ ၂၂ ရက်နေ့မှာ မြန်မာနိုင်ငံ သန်းခေါင်စာရင်းဥပဒေကို ပြဋ္ဌာန်းသတ်မှတ် ပေးခဲ့ရပါတယ်။

အဲဒီလိုပဲ ၁၉၇၂ ခုနှစ် ၊ ဩဂုတ်လမှာ ဗဟို သန်းခေါင်စာရင်းကော်မတီနဲ့ သန်းခေါင်စာရင်း ကော်မတီ အဆင့်ဆင့်ကို ရပ်ကျေးအဆင့်အထိ သတ်မှတ်ပြီးတော့မှ လုပ်ငန်းများကို စတင်ပြင်ဆင်ရ ပါတယ်။ ဒါကြောင့်မို့လို့ ၁၉၇၃ ခုနှစ် ၊ သန်းခေါင်စာရင်းဟာ ပြင်ဆင်ချိန် ၁၃ လ ရယူပြီးတော့ ဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။ ၁၉၈၃ ခုနှစ်မှာတော့ ဒုတိယအကြိမ် နိုင်ငံလုံးကျွတ် သန်းခေါင် စာရင်းကို ကောက်ယူခဲ့ပါတယ်။ ဒီမှာတော့ ၁၉၇၂ ခုနှစ်၊ သန်းခေါင်စာရင်း ဥပဒေကိုလည်း ဆက်လက်ကျင့်သုံးခဲ့ပါတယ်။ ဗဟိုသန်းခေါင်စာရင်းကော်မတီနဲ့ သန်းခေါင်စာရင်းကော်မတီအဆင့် ဆင့်ကို ၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ဖွဲ့စည်းပြီးတော့ ဒီပြင်ဆင်မှုလုပ်ငန်းကို အဲဒီအချိန်မှာ နှစ် နှစ် အချိန်ယူပြီးတော့ ပြင်ဆင်ဆောင်ရွက်ခဲ့ရပါတယ်။ ဒီလို သန်းခေါင်စာရင်း မကောက်ယူမီ ကြားကာလ တွေမှာလည်း လူဦးရေစာရင်းကို ခန့်မှန်းတွက်ချက်နိုင်ဖို့အတွက် တစ်နိုင်ငံလုံးကိုယ်စားပြုတဲ့ လူဦးရေ စစ်တမ်းတွေ ၊ လူဦးရေ စာရင်းတွေ ၊ သန်းခေါင်စာရင်းငယ်တွေကိုပါ စမ်းသပ်မှု ပြုလုပ်ရပါတယ်။

၁၉၈၃ခုနှစ် သန်းခေါင်စာရင်း ကောက်ယူမှုနောက်ပိုင်းမှာတော့ သန်းခေါင်စာရင်းများကို ပြည်လုံးကျွတ် ဆက်လက်ကောက်ယူနိုင်ခြင်း မရှိသော်လည်းဘဲ၊ နိုင်ငံရဲ့ နှစ်စဉ်လူဦးရေ ခန့်မှန်း တွက်ချက်နိုင်မှု အထောက်အကူပြုနိုင်ဖို့အတွက် ကမ္ဘာ့ကုလသမဂ္ဂရန်ပုံငွေအဖွဲ့ ( UNFA)နဲ့ ပူးပေါင်း ပြီးတော့မှ ၁၉၉၁ ခုနှစ်မှာ လူဦးရေ ပြောင်းလဲမှု မွေးဖွားမှုစစ်တမ်း ၊ ၁၉၉၇ ခုနှစ်မှာ မွေးဖွားမှုနှင့် မျိုးဆက်ပွား ကျန်းမာရေးစစ်တမ်း၊ ၂၀၀၁ ခုနှစ်မှာ မွေးဖွားမှုနှင့်မျိုးဆက်ပွား ကျန်းမာရေးစစ်တမ်း ၊ ၂၀၀၆ ခုနှစ် မှာ မွေးဖွားမှုနှင့် မျိုးဆက်ပွားကျန်းမာရေးစစ်တမ်းကို သုံး ကြိမ် ၊ စုစုပေါင်း လေး ကြိမ် ကောက်ခဲ့တာ ရှိပါတယ်။ ဒါ့အပြင် ၂၀၀၆ ခုနှစ်နောက်ပိုင်းမှာ မြေပြင်မှာတကယ်ရှိတဲ့ လူဦးရေစာရင်း မှန်ကန်တိကျမှု သိနိုင်ဖို့အတွက် လူဦးရေပြောင်းလဲမှု နှုန်းထားများကို လေ့လာဆန်းစစ်ဖို့အတွက် လူဦးရေ ကောက်ယူခြင်းစနစ်ကို ကျွန်တော်တို့ ၂၀၀၇ ခုနှစ်မှာ မြို့နယ်ပေါင်း ၃၆ မြို့နယ်၊ မြို့လုံးကျွတ် ကောက်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာလည်း အလားတူ အခြားမြို့နယ် ၃၆ မြို့နယ်ကို နမူနာ ကောက်ယူ နည်းနဲ့ ကောက်ခဲ့ပါတယ်။ အဲဒီလိုနဲ့ ၂၀၀၉ ခုနှစ် ရောက်တဲ့အခါမှာတော့ တိုင်းနဲ့ ပြည်နယ် ၁၄ ခု ရှိတဲ့အနက်က ၁၃ ခုမှာ တိုင်းနဲ့ ပြည်နယ်အလိုက် လူဦးရေ အနည်းဆုံးနဲ့ အများဆုံး မြို့နယ်တွေကို သတ်မှတ်ပြီးတော့ သူတို့ဆီမှာ တိုင်းနဲ့ ပြည်နယ်တစ်ခုစီမှာ နှစ် မြို့နယ်စီ၊ စုစုပေါင်း ၂၆ မြို့နယ်

မြို့လုံးကျွတ် သန်းခေါင်စာရင်းတွေကို ကောက်ယူခဲ့ကြပါတယ်။ မြေပြင်မှာရှိတဲ့ လူဦးရေစာရင်းများကို စဉ်ဆက်မပြတ် မှန်ကန်စွာ ရနိုင်ဖို့အတွက် အခြေခံစာရင်းများကိုလည်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ယူခဲ့ခြင်းဖြစ်ပါတယ်။

ဒါကြောင့်မိုလို့ ဗဟုသုတအနေနဲ့ သိရှိနိုင်ရန်အတွက် ကျွန်တော်တို့ လူဝင်မှုကြီးကြပ်ရေးနဲ့ အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအပါအဝင်ဖြစ်တဲ့ အတိုကောက် လဝက ဝန်ကြီးဌာနမှာ ဌာနကြီးနှစ်ခု ဖွဲ့စည်းထားရှိပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဌာနကတစ်ခု၊ နောက်ဌာန တစ်ခုအနေနဲ့ ပြည်သူ့အင်အားဦးစီးဌာန အနေနဲ့ ဦးစီးဌာနကြီးတစ်ခု ဒီလူဦးရေရဲ့ အလေးအနက် ထားရှိမှု ၊ နိုင်ငံတော်က သိရှိတဲ့အတွက်ကြောင့် ဦးစီးဌာနတစ်ခုကို သီးခြားသက်သက် ဖွဲ့စည်း ပြီးတော့ မှ ဆောင်ရွက်ထားရှိနေတဲ့ အနေအထားရှိတယ်ဆိုတာကိုလည်း ဗဟုသုတရှိစေရန် ရှင်းလင်း တင်ပြလိုပါတယ်။ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းများရဲ့ အခြေအနေကို ပြန်ပြီးတော့ ကြည့်မယ်ဆိုရင် ၁၉၇၃၊ ၁၉၈၃ သန်းခေါင်စာရင်း ကောက်ခြင်း အတွေ့အကြုံများအရ ပြည်လုံးကျွတ်သန်းခေါင် စာရင်းကောက်ယူရန်အတွက် ပြင်ဆင်ချိန်ဟာ အနည်းဆုံး နှစ် နှစ် ကြာပြီးတော့ သန်းခေါင်စာရင်း ကောက်ယူတဲ့ ကာလဟာ ငါးရက် ကြာမြင့်ပါတယ်။ တနည်းအားဖြင့် ပြောရရင် ကြိုတင်စာရင်းဇယား ပြုလုပ်ခြင်းဟာ နှစ် နှစ်ခန့် အချိန်ယူ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီး သုံးဦး ဆွေးနွေးသွားတဲ့အတိုင်း လုထု လှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ရတဲ့ကိစ္စဖြစ်တဲ့အတွက်ကြောင့် လူထုပူးပေါင်း ဆောင်ရွက်ဖို့ဟာလည်း အရေးကြီးပါတယ်။

ဒါ့အပြင် သန်းခေါင်စာရင်း ကောက်ယူရာမှာ ဝန်ထမ်းအဖွဲ့အစည်း တစ်ခုတည်းနဲ့ ဆောင်ရွက် နိုင်တဲ့ ကိစ္စမဟုတ်တဲ့အတွက် နိုင်ငံအတွင်းမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ လုံခြုံရေးစတဲ့ အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားပြီးတော့မှ ဆောင်ရွက်ရမယ့် လုပ်ငန်းကြီးတစ်ခုဖြစ်နေပါတယ်။ အချုပ်အားဖြင့် တင်ပြရရင်တော့ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကို သန်းခေါင်စာရင်းအင်္ဂါရပ် လေးရပ်နဲ့အညီ ကောက်ယူရာမှာ ပြင်ဆင်ချိန် လိုအပ်ပါတယ်။ လူထု လှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ရမယ့်လုပ်ငန်း ဖြစ်ပါတယ်။ ထို့ကြောင့် မိမိဝန်ကြီးဌာန တစ်ခုတည်းရဲ့ အတိုင်းအတာနဲ့ ဆောင်ရွက်ရန် ဖြစ်နိုင်ခြေမရှိပါသောကြောင့် သင့်လျော်သည့် အချိန်တွင် နိုင်ငံတော် အစိုးရအဖွဲ့က စီမံဆောင်ရွက်ပေးရမယ့် အခြေအနေဖြစ်ပါသောကြောင့် အခြေအနေ အားလုံးကို ချိုင့်ချုံ သုံးသပ်ပြီး ဖြေကြားအပ်ပါသည်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမြင့်ဦး တင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီးတော့ မိုင်းယောင်း မဲဆန္ဒနယ်မှ

ဦးစိုင်းစောတင်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဂါနုတို့က ထောက်ခံဆွေးနွေးသွားသလို မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းကလည်း အကြံပြုဆွေးနွေးသွားခဲ့ပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိဝန်ကြီးအနေနဲ့လည်း ခြုံငုံပြီးတော့ ဆွေးနွေးတဲ့နေရာမှာ ပြည့်ပြည့်စုံစုံ ဖော်ပြသွားတဲ့အတွက် အားလုံးသဘောပေါက်ကြမယ်လို့ ယုံကြည်ပါတယ်။ ဒီပေါ်မှာ ခြုံငုံပြီးတော့ သုံးသပ်ရမယ်ဆိုရင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးကိစ္စဟာ ဆောင်ရွက်သင့်တဲ့ ကိစ္စဖြစ်တယ်။ ဆောင်ရွက်ရမယ့်ကိစ္စဖြစ်တယ်။ သို့ရာတွင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရမှာဖြစ်တဲ့အတွက် သင့်တော်တဲ့အချိန်မှာ ဆောင်ရွက်သင့်ကြောင်းသဘောပေါက် ခံယူမိပါတယ်။ ဒါကြောင့်မို့လို့ မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး အဆိုပြုတဲ့ **''မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ''** အဆိုကို လွှတ်တော်ရဲ့သဘောထားကို ရယူလိုပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်ရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အဆိုပြုချက်ပေါ် မူတည်ပြီးတော့ အချိန်ယူ ဆောင်ရွက်သင့်သော အဆိုတစ်ရပ်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်၏ " မြန်မာနိုင်ငံတွင်(၁၀၀%) စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရှေးရှု အကောင်အထည်ဖော်နိုင်ရန် အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်မှုအား အခြေခံပညာ အလယ်တန်းအဆင့်အထိ မသင်မနေရ အခမဲ့ပညာရေးစနစ် ( Duty to Educated Children) အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ တက္ကသိုလ်များနှင့်ချိတ်ဆက်နိုင်သော စာမေးပွဲစနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့်ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပိုင်းကပါ နှစ်ရပ်စလုံးပါဝင် ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် မူဝါဒများ ရရှိရေး " အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ** ။ ။ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်က ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့မှာ တင်သွင်းထားတဲ့ **''မြန်မာနိုင်ငံတွင် (၁၀၀%)စာတတ်မြောက်မှု အုတ်မြစ် ခိုင်မာရေး ရှေးရှုအကောင်အထည်ဖော်နိုင်ရန် အခမဲ့ မသင်မနေရမူလတန်း ပညာရေးစနစ် ဖော်ဆောင်မှုအား အခြေခံပညာ အလယ်တန်းအဆင့်ထိ မသင်မနေရ အခမဲ့ ပညာရေးစနစ် (Duty to Educated**

**Children)အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲစနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပိုင်းကပါ နှစ်ရပ်စလုံး ပါဝင်ဆောင်ရွက် နိုင်ရန် သင့်လျော်သည့် မူဝါဒ ရရှိရေး ''** အဆိုကို ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် လေးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ယခု လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်ကြီးများအားလုံးကို မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အလုံ မဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည်ရဲ့ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ဖော် ဆောင်မှုအား အခြေခံပညာ အလယ်တန်းအဆင့်အထိ မသင်မနေရ အခမဲ့ ပညာရေးစနစ်အဖြစ် ပြဋ္ဌာန်းရန်ဆိုတဲ့ အပိုင်းတစ်ပိုင်းနဲ့ မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ တက္ကသိုလ်များနဲ့ ချိတ်ဆက်နိုင်သော စာမေးပွဲစနစ် ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့်ပညာရေးစနစ်ဆိုတာကို အစိုးရနှင့် ပုဂ္ဂလိကပိုင်းတို့ကပါ နှစ်ရပ်လုံး ပါဝင်ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် မူဝါဒများ ရရှိရေးဆိုတဲ့ အပိုင်းတစ်ပိုင်း၊ အပိုင်းနှစ်ပိုင်းကို အဆိုတင်သွင်းထားခြင်းကို ကျွန်တော် ပြန်လည်ဆွေးနွေးလိုပါတယ်။ ပထမအပိုင်းတစ်ပိုင်းဖြစ်တဲ့ အခမဲ့မသင်မနေရ မူလတန်း ပညာရေးစနစ်ဖော်ဆောင်မှုကို ကမ္ဘာ့နိုင်ငံအများစုဟာ ကြေညာထားသော်လည်း အပြည့်အဝအကောင်အထည်ဖော်ရာမှာ အခက်အခဲများစွာ ကြုံတွေ့နေကြရတာတွေ့ရပါလိမ့်မယ်။

ပြည်ထောင်စု မြန်မာနိုင်ငံမှာ နှစ်စဉ်ကျောင်းများ စဖွင့်တိုင်း မူလတန်းကလေးများ ရာနှုန်းပြည့် ကျောင်းအပ်နှံရေးနှိုးဆော်မှု၊ အခက်အခဲရှိသူများကို ဗလာစာအုပ်၊ ပြဋ္ဌာန်းစာအုပ်၊ လေ့ကျင့်ခန်းစာအုပ်၊ စာရေးကိရိယာ အစရှိသည်များ ထောက်ပံ့ပေးခြင်း၊ အိမ်တိုင်ရာရောက် တာဝန်ရှိသူများက ဆွေးနွေး ခေါ်ယူခြင်း များစွာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လို့ မူလတန်းကျောင်းနေအရွယ် ကလေးတွေကို ကျောင်းခေါ်ချိန်အတွင်း ပြင်ပမှာ မိဘတွေအတွက် တတ်အားသလောက် ဝင်ငွေရှာပေးနေတာတွေကို တွေ့ရပါတယ်။ မိဘတွေက မနိုင်လို့ လွှတ်ထားရတာတွေကိုလည်း တွေ့ရပါလိမ့်မယ်။ ဒါတွေကိုအတင်း ကျောင်းခန်းထဲ နေ့စဉ်ခေါ်သွင်းနေလို့၊ မိဘတွေကို အရေးယူလို့ စတာတွေ လုပ်ရရင်လည်းပဲ မတရားဘူး၊ ဘာညာဆိုတဲ့ ပြဿနာမျိုးရှိပါအုံးမယ်။ အဲဒီတော့ ဒီပြဿနာရဲ့ အကြောင်းအရင်းဟာ မိဘတွေရဲ့ အတွေးအခေါ်တွေ၊ အနစ်နာမခံဘဲ ကလေးတွေကို

ခိုင်းစေစားလိုတာတွေ၊ စီးပွားရေး နိမ့်ကျတာ တွေစတဲ့ အကြောင်းတွေကြောင့်ပဲလို့ ကျွန်တော်တော့ မြင်ပါတယ်။

ကျွန်တော်လေ့လာမိသလောက် Great ဗြိတိန်လိုနိုင်ငံကြီးတွေမှာတောင်မှ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်က မတက်နိုင်သေးပါဘူး။ ဒီတော့ပထမအဆင့်ကို ပိုင်ပိုင်နိုင်နိုင်ရှိပြီးမှပဲ ဒုတိယ အဆင့်ကို တက်စေချင်ပါတယ်။ ငွေရှိတိုင်း၊ ငွေတွေသုံးတိုင်း၊ စေတနာရှိတိုင်းမပြီးနိုင်ဘဲနဲ့ စီးပွားရေး ဖွံ့ဖြိုးပြီး လူနေမှုအဆင့် မြင့်သထက်မြင့်မှ အလိုလို လိုက်ပါတိုးတက်လာမယ့် ပြဿနာလို့ မြင်ပါတယ်။ အဲဒါကို လစ်လျူရှုပြီးတော့အခမဲ့မသင်မနေရ အလယ်တန်းပညာအဆင့် ပြဋ္ဌာန်းမယ် ဆိုရင်ပြဋ္ဌာန်းလိုက်တာကလွယ်ပါတယ်။ ဒါပေမယ့်လို့နောက်တော့မှ ကျွန်တော်တို့ပြည်သူ့လွှတ်တော်ရဲ့ အစိုးရ၏ ကတိကဝတ်များ ကော်မတီဆိုတာမျိုးမှာ အပတ်တိုင်း ဒီကတိကဝတ်ကို မဖြည့်ဆည်း နိုင်သေးပါဘူးလို့ အစီရင်ခံနေရတာမျိုးတွေ့ရပါလိမ့်မယ်။ အဲဒီနောက်ဒုတိယပိုင်းဖြစ်တဲ့ နိုင်ငံတကာ တက္ကသိုလ်များနဲ့ ချိတ်ဆက်နိုင်သော စာမေးပွဲစနစ်ပါဝင်တဲ့ သင်ရိုးညွှန်းတမ်းနဲ့ပညာရေးစနစ်ဆိုတဲ့ ကိစ္စမှာ ပထမဆုံး ကျွန်တော်တို့နိုင်ငံရဲ့ အောင်လက်မှတ်တွေကို လက်ခံတဲ့နိုင်ငံတွေလည်း များစွာ ရှိပါတယ်။တစ်ခါ ကျွန်တော်တို့နိုင်ငံရဲ့ စာမေးပွဲအောင်လက်မှတ်တွေကို လက်မခံဘူးဆိုတဲ့ နိုင်ငံတွေရဲ့ စာမေးပွဲတွေကို ကျွန်တော်တို့ဆီက ကျောင်းသားတွေသွားဖြေပြီးတော့အောင်တာတွေလည်းအများကြီး ရှိပါတယ်။

ဒုတိယအချက်အနေနဲ့ နိုင်ငံခြားကျောင်းတွေနဲ့ ဆက်ထားတဲ့ ပုဂ္ဂလိက ကျောင်းတွေအများကြီး တွေ့နေ ရပါတယ်။ ဒါကို ဂျာနယ် ၊ မဂ္ဂဇင်း၊ ရုပ်သံ ကြော်ငြာတွေမှာ အခိုင်အမာမြင်ရမှာ ဖြစ်ပါတယ်။ ဒီတော့ကာ ကျွန်တော်တို့ ဦးခိုင်မောင်ရည်ရဲ့ အဆိုနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ဆန္ဒနည်းနည်း စောသေးတယ်၊ တိုင်းပြည်ရဲ့ စီးပွားရေး အနေအထားအရ အလို အလျောက်ဖွံ့ဖြိုးတိုးတက်လာမှု လမ်းကြောင်းကပဲ စောင့်စားသွားလာရမယ့် အရေးကိစ္စလို့ကျွန်တော် မြင်တဲ့အတိုင်းဆွေးနွေးရင်း နိဂုံးချုပ်ပါ တယ်ခင်ဗျား။ အားလုံးကိုလေးစားပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာ အပေါင်းနှင့် ခညောင်းကြပါစေရှင်။ ကျွန်မကတော့ ချင်းပြည်နယ် ထန်တလန်မြို့နယ်မှ ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်ရှင်။ ရန်ကုန်တိုင်းဒေသကြီး အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် အဆို တင်သွင်းထားတဲ့ မြန်မာနိုင်ငံ တွင် (၁၀၀%)စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရှေးရှုအကောင် အထည်ဖော်နိုင်ရန်

အခမဲ့ မသင်မနေရ မူလတန်း ပညာရေးစနစ် ဖော်ဆောင်နေမှုအား အခြေခံပညာ အလယ်တန်း အဆင့်ထိ မသင်မနေရ အခမဲ့ ပညာရေးစနစ် (Duty to Educated Children)အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံ အတွင်း နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲစနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပိုင်းကပါ နှစ်ရပ်စလုံးပါဝင် ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် မူဝါဒရရှိရေး အဆို ကို ထောက်ခံ ဆွေးနွေး တင်ပြမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မသင်မနေရ ပညာရေးစနစ်ကို အကောင်အထည်ဖော်မည်ဆိုလျှင် အခမဲ့စနစ်ဖြစ်မှသာ လက်တွေ့ကျမှာဖြစ်ပါတယ်။ လူမှုစီးပွားရေးနိမ့်ကျနေသော မိသားစုများသည် မသင်မနေရ ပညာရေး အတွက် ၄င်းတို့ကိုယ်တိုင်ပံ့ပိုးမှုများကို မဆောင်ရွက်နိုင်ပါ။ နိုင်ငံတော်၏ **''ပညာရေးဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့''**ဟူသော ကြွေးကြော်ချက်အတိုင်း တိုးတက်သော နိုင်ငံတစ်ခုဖြစ်စေရန်မှာ ပညာရေးကဏ္ဍကို မြှင့်တင်ပေးရန်လိုအပ်ပါတယ်။ လက်ရှိအခြေအနေမှာ မူလတန်းပြီးလျှင် ကလေးများကျောင်းထွက်နှုန်း မြင့်မားနေကြောင်းလေ့လာ တွေ့ရှိပါတယ်။ အလယ်တန်းအဆင့်ထိ အခမဲ့မသင်မနေရ ပညာရေးစနစ် ကျင့်သုံးခြင်းကို မြန်မာပြည်မှာ မဖြစ်မနေပြဋ္ဌာန်း၍ အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဆင်းရဲသော မိသားစုများ၏ ကလေးများဟာ ကျောင်းနေရမည့်အချိန်တွင် ကျောင်းမတက်နိုင်ဘဲ အလုပ်ထွက်လုပ်ရပါတယ်။ အချို့မိဘများဟာ ၄င်းတို့၏ ကလေးများ လေးတန်းအောင်ရန် စောင့်ဆိုင်းနေပြီး၊ ကျောင်းထုတ်အလုပ်လုပ်ခိုင်းရန်သာ နားလည်ကြပါတယ်။ ထိုကလေးများ ကျောင်းဆက်တက်နိုင်ဖို့ရန်မှာ နိုင်ငံတော်က ပံ့ပိုးကူညီမှသာ ဖြစ်နိုင်ပါတယ်။ လေးတန်း ဟူသော အရွယ်မှာ ကိုယ်တိုင်ဝမ်းစာ ရှာစားပြီးရပ်တည်ရန် အဆင်သင့်ဖြစ်သည့် အရွယ်မဟုတ်သေးပါ။ ထို့အပြင် ကျောင်းသားလူငယ်များဟာ အခြေခံပညာအထက်တန်းနှင့် အဆင့်မြင့်ပညာရေးများကို တက်လှမ်းနိုင်ရန်အတွက် အလယ်တန်းပညာရေးမှာ လွန်စွာအရေးကြီးပါတယ်ရှင်။

နိုင်ငံတော်၏ ကျောင်းအပ်နှံရေး အစီအစဉ်များအရ မြန်မာပြည်၏ စာတတ်မြောက်မှုနှုန်း မြင့်မားလာသည်မှာ ငြင်းဖွယ်ရာမရှိပါ ။ ယခင် အသုံးလုံး သင်ကြားရသည့်အခြေအနေမှ ယခု ကလေးငယ်တိုင်းဟာ စာဖတ်တတ်လာကြပါတယ်။ သို့သော် ရေးပြထားသည်ကို ဖတ်တတ်ရုံနဲ့ လုံလောက်မှု မရှိသေးပါ။ အမှန်တကယ်လူ့ထုထဲတွင် ဆက်ဆံရာ၌ အရေး၊ အဖတ်၊ အပြော အားလုံးကို အဆင့်မီမီ အသုံးပြုနိုင်ဖို့ လိုအပ်ပါတယ်။ ထိုအခြေအနေသို့ ရောက်ရှိရန်မှာ ပညာရေးကို အနည်းဆုံး အလယ်တန်းအဆင့်ထိ သင်ကြားနိုင်မှသာ ဖြစ်နိုင်ပါတယ်။

ယခုအချိန်တွင် နိုင်ငံတကာ မျက်နှာစာတွင် မိမိတို့နိုင်ငံမှ လူငယ်များကို ပညာအပြည့်အဝ စာမတတ်သူများအဖြစ် အမြင်ခံကြရပါတယ်။ ပြည်တွင်း၌ပင် မူလတန်း အဆင့်လောက်သာ ကျောင်းတက်ဖူးသူများကို စာတတ်သူဟု အသိအမှတ်မပြုကြပါ။ အကြောင်းမှာ မူလတန်းအဆင့် ပညာရေးသည် လူငယ်များ၏ တွေးခေါ်မျှော်မြင်နိုင်မှုကို သင်ကြားမပေးနိုင်သောကြောင့်ဖြစ်ပါတယ်။ စာဖတ်တတ်ရုံသည် ပညာတတ်ခြင်းမဟုတ်ပါ။ အနည်းဆုံးအလယ်တန်းပညာရေး သင်ကြားမှသာ တွေးခေါ်နိုင်မှုစွမ်းရည်ကို သင်ကြားခွင့်ရပါတယ်။ ကျောင်းသားလူငယ်များသည် ကြီးလာသောအခါ နိုင်ငံကို အလုပ်အကျွေးပြုမယ့် အလုပ်သမားများ ဖြစ်လာပါတယ်။ ထိုအလုပ်သမားများသည် လုပ်ငန်းကျွမ်းကျင်မှုနှင့် ပေါင်းသင်းဆက်ဆံရေး ပြေပြစ်ရန် လိုအပ်ပါတယ်။ ကလေးများ မူလတန်းအဆင့်တွင် ကျောင်းထွက်မှုနှုန်းမြင့်လျှင် အရည်အချင်းမရှိသော အလုပ်သမားများ ဆက်လက်ပေါ်ပေါက် နေပါတယ်။ အရည်အချင်းရှိသော အလုပ်သမားများရရှိရန်အတွက် ငယ်စဉ်မှာ ပညာပြည့်ဝစွာ ပေးနိုင်ရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ယနေ့အချိန်တွင် နိုင်ငံပေါင်းများစွာတို့သည် မသင်မနေရ ပညာရေးစနစ်ကို တိုးချဲ့လုပ်ကိုင်လျက်ရှိပြီး အားလုံးနီးပါးကောင်းစွာ အကောင်အထည်ဖော်နိုင်ကြောင်း တွေ့ရှိနေပါတယ်။ ဥပမာ အိန္ဒိယနိုင်ငံတွင် အသက် ခြောက်နှစ်မှ ၁၄ နှစ်ထိ မသင်မနေရ အခမဲ့ပညာရေး၊ တရုတ် နိုင်ငံတွင် မူလတန်းနှင့်အလယ်တန်း မသင်မနေရ ပညာရေး၊ ဟောင်ကောင်မြို့တွင် မူလတန်းမှ သုံးတန်း ထိ မသင်မနေရ အခမဲ့၊ လေးတန်းမှ ခြောက်တန်းထိ အခမဲ့ပညာရေး၊ ရုရှားတွင် ပညာသင် နှစ် ၁၁ နှစ်ထိ မသင်မနေရ ပညာရေးတို့ဖြစ်ပါတယ်။

ထို့ပြင် ကမ္ဘာ့အဆင့်မီ ပညာရေးများရရှိနိုင်ရေးအတွက် နိုင်ငံတကာ အဆင့်ရှိ တက္ကသိုလ်ကျောင်းများ လာရောက်ဖွင့်လှစ်သင်ကြားခွင့်ပြုရေး၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများကို လွတ်လပ်စွာ ပြဋ္ဌာန်းခွင့်ရှိစေရေးနှင့် နိုင်ငံတကာတက္ကသိုလ်များ တိုက်ရိုက်တက်ရောက်နိုင်တဲ့ အဆင့်မီ စာမေးပွဲစနစ်များထားရှိသင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့် ။ သို့ဖြစ်ပါသောကြောင့် နိုင်ငံတကာကျောင်းသားများနှင့် တန်းတူ အဆင့်မီစွာ မြန်မာကျောင်းသားလူငယ်များကို ယခုထက်ပိုမို၍ အရည်အချင်းမြင့်မားသော ပညာတတ်လူငယ်များ ဖြစ်ပေါ်လာစေရန်အတွက် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်တင်သွင်းတဲ့ အထက်ပါအဆိုကို ထောက်ခံ ဆွေးနွေးတင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရေး မဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ဆွေးနွေးရန်ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဒေါ်မိမြင့်သန်း(ရေး မဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေရှင်။

ကျွန်မကတော့ မွန်ပြည်နယ်၊ ရေးမြို့နယ်မဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းဖြစ်ပါတယ်ရှင်။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်(ခ)ဦးခင်မောင်ရည် အဆိုတင်သွင်းထားသည့် မြန်မာနိုင်ငံတွင် (၁၀၀%)စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရှေးရှုအကောင် အထည်ဖော်နိုင်ရန် အခမဲ့ မသင်မနေရမူလတန်း ပညာရေးစနစ် ဖော်ဆောင်မှုအား အခြေခံပညာ အလယ်တန်းအဆင့်ထိ မသင်မနေရ အခမဲ့ ပညာရေးစနစ် (Duty to Educated Children)အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲစနစ် ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပိုင်းကပါ နှစ်ရပ်စလုံး ပါဝင်ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် မူဝါဒများ ရရှိရေး အဆို ကို ကျွန်မက ထောက်ခံဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ပညာမြင့်မှ လူမျိုးတင့်မည်ဟူသော ဆောင်ပုဒ်နှင့်အညီ ကလေးသူငယ်တို့ရဲ့ ပညာရေးကို မြှင့်တင်နိုင်မှသာ မြန်မာလူမျိုးများတင့်တယ်ကာ၊ ဝင့်ထယ်စေနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ရာမှာ ကလေးတွေ ၊ လူငယ်တွေရဲ့ စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်း ဖွံ့ဖြိုးမှုကို အဓိက ရည်ရွယ်ချက်အဖြစ် ထားရှိပြီး ၊ အရေးတကြီး ဆောင်ရွက်နေတာ တွေ့နေရပါတယ်။ နိုင်ငံအများစုမှာ မျက်မှောက်ကာလအချိန်အတွက် အဖက်ဖက်က ဖွံ့ဖြိုးအောင် အပြိုင်အဆိုင်လုပ်ရင်း အနာဂတ်အတွက် အရေးပါလှတဲ့ ကလေးတွေကို တိုးတက်သထက်တိုးတက်အောင် မွေးမြူနေကြပါတယ်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၈ ၊ ပုဒ်မခွဲ(ဃ)တွင် နိုင်ငံတော်သည် ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမည်ဟု ပါရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတကာ စံနှုန်းအရ -

၁။ သင်ယူမှုအခွင့်အလမ်း အပြည့်အဝ ရရှိမှု

၂။ အဆင့်မီ ပညာရေးစနစ်

၃။ အခြေအနေနှင့် ဂါသနာ

တို့ ကိုက်ညီသည့် ဘာသာရပ်တို့နှင့် ပြည့်စုံမှုမရှိနိုင်ခြင်းတို့ကို အချိန်မီပြုပြင်ပြောင်းလဲဖို့ လိုအပ်ပါတယ်ရှင်။မြန်မာနိုင်ငံရဲ့အနီးဆုံးအိမ်နီးချင်းနိုင်ငံ၊ထိုင်းနိုင်ငံမှာဆိုရင် အစိုးရကျောင်းတွေဟာ ကလေးတိုင်းအတွက် အခမဲ့ပညာသင်စနစ်ဖြစ်ပါတယ်။ အဲဒီစနစ်ထဲမှာ နိုင်ငံခြားသားများကို တောင်မှ တန်းတူအခွင့်အရေးပေးထားပါတယ်။ ကျောင်းတိုင်းမှာ စာရေးကိရိယာ အစုံအလင် အခမဲ့ရရှိပါတယ်။

ကျောင်းနေ့လယ်စာ စားစရိတ်အတွက် ကျောင်းသားတစ်ယောက်စာ တစ်လကို ဘတ် ၁၂၀ ပဲ ပေးရပါတယ်။ နေ့လယ်စာ ကျွေးပြီးရင် School Milk လို့ တံဆိပ်တပ်ထားတဲ့ နို့တစ်ခွက်လည်း နေ့တိုင်းတိုက်ပါတယ်။ ကျောင်းပိတ်ရက်ဆိုရင်လည်း နို့ဘူးတွေကို အိမ်ကို သယ်ဆောင်ခွင့် ရှိကြပါတယ်။ ထိုင်းနိုင်ငံမှာ တွေ့ရတဲ့ နောက်ထပ်ထူးခြားချက်က ဆရာ၊ ဆရာမတွေရဲ့ မေတ္တာနဲ့ ဆက်ဆံမှုပါ။ လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ ခွဲခြားမှုမရှိပါ။ ဒါ့ကြောင့် ကလေးတွေဟာ ကျောင်းနေ ပျော်ပြီး စာတော်ကြပါတယ်။ သေချာတာကတော့ မြန်မာနိုင်ငံမှာ အဲဒီလို တစ်ပြေးညီ အခွင့်အရေးနှင့် ဆရာမတွေရဲ့မေတ္တာကို ရဖို့ဆိုတာ အတော်မလွယ်တဲ့ ကိစ္စပါပဲရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ထိုင်းနိုင်ငံမှာတော့ ကျောင်းဝင်းတိုင်းဟာ အင်မတန်ကျယ်ဝန်းပြီး အားကစား ကွင်းပြင်တွေ၊ ကစားဖို့လွဲတန်းတွေ၊ စီးဆောတွေ၊ ရထားတွဲတွေလည်းရှိပါတယ်။ ကလေးတွေဟာ ကျောင်းမှာ သိပ်ပျော်ကြပါတယ်။ ကလေးတွေရဲ့စာသင်ချိန်တွေထဲမှာ ပန်းချီဆွဲခြင်း၊ ကဗျာရွတ်ခြင်း၊ ဂီတအချိန်၊ ပုံပြောချိန်၊ ကာတွန်းရုပ်ရှင်ကြည့်ချိန်၊ အင်္ဂလိပ်စာချိန်၊ မိခင်ဘာသာစကားချိန်၊ အိပ်ချိန်၊ ကစားချိန်၊ စာရေးချိန်၊ စာဖတ်ချိန်တွေပါပါတယ်။ ဒါတွေဟာ ကလေးတွေအတွက် အပြည့်အဝ ခံစားခွင့်ရရှိတာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ထိုင်းနိုင်ငံရဲ့ မူလတန်း သင်ရိုးမှာတော့ သူငယ်တန်းလေးကစပြီး အင်္ဂလိပ်စာ၊ သင်္ချာ၊ မိခင်ဘာသာစကား၊ သဘာဝသိပ္ပံနဲ့အတူ ဂီတသီချင်း၊ ကဗျာ၊ လက်မှုအနုပညာ ရိုးရာ ယဉ်ကျေးမှုတွေ သင်ရပါတယ်။ အဲဒီသင်ရိုးတွေကိုပဲ အဆင့်အတန်းအလိုက် နည်းနည်းစီ တိုးမြှင့်ပြီး သင်သွားပါတယ်။ အင်္ဂလိပ်စာကလွဲပြီး ကျန်တဲ့ ဘာသာရပ်အားလုံးကို မိခင်ဘာသာစကားနဲ့ပဲ သင်ပါတယ်။ ဒါကြောင့်ကလေးတွေဟာ သူတို့ သင်ပြီးသမျှ သင်ခန်းစာတွေကို ပိုင်ပိုင်နိုင်နိုင် နားလည်ကြ၊ သိကြ၊ တတ်ကြတဲ့အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ခွင့်ရကြတယ်လို့ဆိုနိုင်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ အိမ်နီးနားချင်း စင်္ကာပူနိုင်ငံကို ကြည့်မယ်ဆိုရင်လည်း ကျောင်းသင်ရိုးတွေရဲ့ အဓိက ရည်ရွယ်ချက်တွေကို သူတို့ရဲ့ ပညာရေးဌာနရဲ့ Website တွေမှာ တွေ့နိုင်ပါတယ်။ အဲဒီမှာ ရည်ရွယ်ချက်တွေအဖြစ် ကလေးတွေအနေနဲ့ အမှားနဲ့အမှန်ကို သေချာ ခွဲခြားသိဖို့၊ တခြားသူတွေနဲ့ အတူ မျှဝေခံစားတတ်ဖို့၊ ပေါင်းသင်းဆက်ဆံတတ်ဖို့၊ စူးစမ်းသိမြင်တတ်ဖို့၊ အပြောအဆို၊ အကြား အမြင် ဖွံ့ဖြိုးဖို့၊ ပျော်ပျော်ရွှင်ရွှင်နေတတ်ဖို့၊ ကိုယ်ကာယကျန်းမာဖို့၊ မိသားစု သူငယ်ချင်းတွေနဲ့ ဆရာ၊ ဆရာမတွေကို ချစ်ခင်တတ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေကို သင်ပေးထား ပါတယ်။ တကယ့်အရည်အသွေးရှိတဲ့ မျိုးဆက်သစ်တွေ ရနိုင်ခြေများတဲ့ ပညာရေးစနစ်ဖြစ်ပါတယ်ရှင်။ ကိုယ်ကျင့်တရားနဲ့ မေတ္တာတရားကို သိအောင် သင်ခန်းစာတွေထဲမှာ ထည့်သင်ပေးထားပါတယ်။ နိုင်ငံတကာမှာလည်း အခြေခံပညာရေးအားလုံးဟာ အခမဲ့ပညာရေးစနစ်ဖြစ်ပြီး အတုယူစရာ ကောင်းလှပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ကလေးသူငယ်ဆိုတာ လွတ်လပ်ရမယ်၊ ပျော်ရွှင်ရမယ်၊ ပေါ့ပါးရမယ်၊ စားချိန်၊ အိပ်ချိန်၊ ကစားချိန်မှန်ရမယ်။ နိုင်ငံတကာ ဗဟုသုတရှိရမယ်၊ ကျန်းမာရမယ်၊ ကိုယ့်အားကိုယ်ကိုး တတ်ရမယ်၊ မေတ္တာနဲ့ဆက်ဆံတာကို ခံစားစေရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြည့်မှီတာကို တွေ့ရပါတယ်ရှင်။ ကျွန်မတို့နိုင်ငံက ကျောင်းအပ်ဖို့အရေး အလှူငွေ ကောက်တာ မထည့်နိုင်လို့ ကျောင်းမနေကြရရှာတဲ့ ကလေးတွေ၊ ကျောင်းစရိတ်ကြီးလာလို့ ကျောင်းထွက်လိုက်ရတဲ့ ကလေးတွေ၊ ဆင်းရဲချမ်းသာ ကွာဟမှုအကြားမှာ စိတ်အားငယ်နေကြတဲ့ သနားစရာကလေးတွေ အမြောက်အမြား ကိုလည်း တွေ့ရမြင်ရပါတယ်ရှင်။မြို့တော်ဆိုတဲ့ ရန်ကုန်မှာတောင် ကလေးတိုင်း ကျောင်းမနေနိုင်တဲ့ ပြဿနာရှိနေတယ်ဆိုရင် ဖွံ့ဖြိုးမှုအားနည်းလှတဲ့ ကျွန်မတို့လို နယ်မြို့တွေမှာတော့ အခြေအနေ သိပ်ဆိုး နေပြီ ဆိုတာ အသေအချာပါပဲရှင်။ စင်္ကာပူပညာရေးနှင့် နှိုင်းယှဉ် ဆွေးနွေးရရင်လည်း ဆရာ၊ ဆရာမတွေကို လစာအတော်လေး ကောင်းကောင်းပေးထားပါတယ်။ နှစ်စဉ်လည်း လူတော်တွေ ဆရာ၊ ဆရာမ လုပ်ချင်လာအောင် ကြိုးစားသိမ်းသွင်းနေတယ်လို့ ကျွန်မတို့ တွေ့မြင်နေရပါတယ်။ နောက်ပြီး ဘယ်သူမှ ကျူရှင်မပြရဘူးလို့ ပြဋ္ဌာန်းထားပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံမှာ ကလေးတွေရဲ့ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့်ပတ်သက်ရင် ဗမာမဟုတ်တဲ့ အခြားတိုင်းရင်းသား ကလေးတွေအတွက် မိခင်ဘာသာစကား သင်ကြားခွင့် မရှိတာပါပဲရှင်။ အဲဒါဟာ ကလေးတွေရဲ့ အသိပညာ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း နှောင့်နှေးစေပါတယ်။ ဗမာစကား၊ ဗမာ့ပတ်ဝန်းကျင်နဲ့ဝေးပြီး၊ ဗမာစာနဲ့လည်းအလွယ်တကူ မနီးစပ်နိုင်တဲ့ တိုင်းရင်းသားကလေး တွေခမျာ စာမလိုက်နိုင်တဲ့ ပြဿနာနဲ့ ရင်ဆိုင်နေကြရပါတယ်။ တိုင်းရင်းသား ကလေးတွေဟာ ကျောင်းမှာ မြန်မာစာ သင်ချိန်ကလွဲရင် တခြားအချိန်တွေမှာ သူတို့ရဲ့ မိခင်ဘာသာစကားကိုပဲ သုံးကြတာပါ။ အဲဒီတော့ မြန်မာစာလည်းမတတ် ၊ မြန်မာလိုသင်ရတဲ့အတွက် မူရင်း ဘာသာရပ်ကို လည်း မတတ်တော့ဘဲ တကယ့်ကို စာမတတ်တဲ့ကလေးတွေသာ ပွားလာတာ တွေ့နေရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံမှာတော့ ပညာရေးစနစ်အတွက် ပြဋ္ဌာန်းထားတဲ့ ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှာတောင်မှပဲ စာသင်ခန်းတစ်ခန်းမှာ အနည်းဆုံးကျောင်းသားဦးရေ ၈၀ ထားရှိ ထားပါတယ်။ စာသင်ခန်းကလည်း ခပ်ကျဉ်းကျဉ်းမို့ ကလေးတွေဟာ ကျပ်ကျပ် တည်းတည်းနေရပြီး တစ်ယောက်နဲ့တစ်ယောက်ကလည်း နီးကပ်လွန်းတာမို့ စာသင်ယူရာမှာ အာရုံ ဝင်စားမှု နည်းသွားစေပါတယ်။ ဒါကြောင့် တစ်ယောက်ချင်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက် စေပါတယ်။ မြန်မာ ကလေးတွေခမျာ စာအုပ်စာတမ်းကစပြီး သင်ကြားရေး အထောက်အကူပြု ပစ္စည်း တွေ မစုံမလင်နဲ့ဘဲ ဘွဲ့တွေရတဲ့အထိ ယိုင်နဲ့နဲ့ သွားကြရတာပါပဲရှင်။

မြန်မာနိုင်ငံက ကလေးတွေမှာတော့ ပညာရေးစနစ်နဲ့ အထွေထွေအားနည်းမှုတွေကြောင့် ဖွံ့ဖြိုး တိုးတက်ခွင့် မရရှိရုံသာမက စိတ်ပိုင်း၊ စာရိတ္တပိုင်းတွေမှာပါ ယိုယွင်းပျက်စီးလာ နေပါတယ်။ ကလေးစာပေဟာ ကလေးတွေရဲ့ဉာဏ်ရည်နဲ့စာရိတ္တဖွံ့ဖြိုးဖို့အတွက် အလွန်လိုအပ်တဲ့ သင်ထောက်ကူ ပစ္စည်းတစ်မျိုးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကလေးစာပေထွန်းကားရေးနှင့်အတူ ကလေးတွေ စာဖတ်ကျင့်ရလာအောင် လေ့ကျင့်ပေးခြင်းဟာလည်း အခုအချိန်မှာ ကလေးတွေရဲ့ ဖွံ့ဖြိုး တိုးတက်ခွင့်ကို တတ်နိုင်သလောက် တစ်နည်းတစ်ဖုံ ဖန်တီးပေးရာ ရောက်တယ်လို့ ကျွန်မက အကြံပြု ဆွေးနွေးချင်ပါတယ်ရှင်။

သို့ပါသောကြောင့် နိုင်ငံတကာ ကျောင်းသားများနှင့် တန်းတူ အဆင့်မီစွာ မြန်မာကျောင်းသား လူငယ်များကို ယခုထက်ပိုမို၍ အရည်အချင်းမြင့်မားသော ပညာတတ်လူငယ်များ ဖြစ်ပေါ်လာစေရန် အတွက် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်တင်သွင်းတဲ့ အထက်ပါအဆိုကို ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်ရှင်။အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပွင့်ဖြူ မဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဌေး ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂:၀၀။**

**ဒေါက်တာမောင်မောင်ဌေး(ပွင့်ဖြူ မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ၊ဖိတ်ကြားထားသော ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြု ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဌေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်(ခ)ဦးခင်မောင်ရည် တင်သွင်းတဲ့ မြန်မာနိုင်ငံတွင် ၁၀၀% စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရှေးရှုအကောင်အထည်ဖော်နိုင်ရန် အခမဲ့ မသင်မနေရ မူလတန်း ပညာရေး စနစ်ဖော်ဆောင်မှုအား အခြေခံပညာအလယ်တန်းအဆင့် အထိ မသင်မနေရ အခမဲ့ ပညာရေးစနစ် (Duty to Educated Children)အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ တက္ကသိုလ် များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲစနစ် ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပိုင်းကပါ နှစ်ရပ်စလုံး ပါဝင်ဆောင်ရွက် နိုင်ရန် သင့်လျော်သည့် မူဝါဒများ ရရှိရေး အဆို နှင့် ပတ်သက်ပြီး တင်ပြဆွေးနွေးလိုပါတယ်။

ဦးခိုင်မောင်ရည်ရဲ့ အဆိုမှာ အဓိကအားဖြင့် အချက် နှစ် ချက် အဆိုပြုတင်ပြထားတာ တွေ့ရှိရပါတယ်။ ပထမအချက်အနေနဲ့ အခြေခံပညာရေးနှင့် သက်ဆိုင်ပြီး၊ ဒုတိယအချက်ကတော့

အဆင့်မြင့် ပညာရေးနှင့်သက်ဆိုင်နေပါတယ်။ ပထမအချက် ဖြစ်တဲ့ မြန်မာနိုင်ငံတွင် ၁၀၀% စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရှေးရှုအကောင်အထည် ဖော်နိုင်ရန် အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ဖော်ဆောင်မှုအား အခြေခံပညာ အလယ်တန်းအဆင့်အထိ မသင်မနေရ အခမဲ့ ပညာရေးစနစ် (Duty to Educated Children) အဖြစ် ပြဋ္ဌာန်းရန် အချက်နှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြရလျှင် နိုင်ငံတော်အစိုးရ အနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးအတွက် အမျိုးသားပညာရေးကော်မတီတစ်ရပ် ဖွဲ့စည်းပြီး ကာလတို၊ ကာလရှည် ပညာရည်မြှင့်တင်ရေး စီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိတာကို ကိုယ်စားလှယ်တော်ကြီးများ သိရှိပြီး ဖြစ်ပါတယ်။ ယနေ့ ပညာရေးနှင့် ပတ်သက်ပြီး ကမ္ဘာရဲ့ ထောင်စုနှစ် ရည်မှန်းချက်( Millennium Development Goal) ကို လေ့လာကြည့်ရင် နိုင်ငံတိုင်း ၂၀၁၅ ခုနှစ်တွင် မူလတန်း ပညာပြီး မြောက်ရေး ( Universal Primary Education) အတွက် ရည်မှန်းချက်ချမှတ် ဆောင်ရွက် လျက်ရှိနေ တာကို တွေ့ရမှာ ဖြစ်ပါတယ်။ လက်ရှိနိုင်ငံတကာ ပညာရေးအခြေအနေနှင့် ကိုက်ညီမှု ရှိစေရေး အတွက် နိုင်ငံတော် အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ဂ)တွင် နိုင်ငံတော်သည် အခမဲ့ မသင်မနေရ မူလတန်း ပညာရေးစနစ် ဖော်ဆောင်ရမည်လို့ ပြဋ္ဌာန်းချမှတ် ထားကြောင်း လေ့လာ သိရှိရပါတယ်။

ဒါကြောင့် ဦးခိုင်မောင်ရည်ရဲ့အဆိုပြုချက်ဟာ နိုင်ငံတော်အတွင်း သင့်တော်တဲ့အချိန် တစ်ချိန်မှာ ဆောင်ရွက်ရမှာ ဖြစ်သော်လည်း လက်ရှိအခြေအနေနှင့် နှိုင်းယှဉ်ကြည့်လျှင် ကမ္ဘာနှင့် အဝှမ်း နိုင်ငံတိုင်းတွင်ဆောင်ရွက်နိုင်ခြင်း မရှိသေးသော လုပ်ငန်းစဉ်တစ်ခုဖြစ်နေတဲ့အတွက် ကျွန်တော်တို့နိုင်ငံ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆန္ဒစောလွန်းရာရောက်နေကြောင်း သုံးသပ်မိပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ဒုတိယတင်ပြချက်ဖြစ်တဲ့ မြန်မာနိုင်ငံအတွင်း နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက် နိုင်သော စာမေးပွဲစနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိက ပိုင်းကပါ နှစ်ရပ်စလုံးပါဝင်ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် မူဝါဒများ ရရှိရေးအဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြရလျှင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာတက္ကသိုလ်များနှင့် စံချိန်စံညွှန်း ကိုက်ညီသော သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ ချမှတ်သင်ကြားရေးအတွက် ပညာရေးဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်တဲ့ တက္ကသိုလ်များ ဗဟိုကောင်စီဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာ တက္ကသိုလ်များနှင့် ပညာရေး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိရာ ယခုအခါ မြန်မာနိုင်ငံ အနေဖြင့် အာဆီယံတက္ကသိုလ်များကွန်ယက် (Asean Universities Network - AUN) အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အာဆီယံဒေသတွင်း တက္ကသိုလ်များနှင့် အပြန်အလှန်

အသိအမှတ်ပြု သဘောတူညီချက် ( Mutual Recognition Agreement - MRA)၊ သင်ရိုး ညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ အကျိုး ကျေးဇူးအားဖြင့် မိမိနိုင်ငံရှိ တက္ကသိုလ်များမှ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများမှာ နိုင်ငံတကာ မှအသိအမှတ်ပြုခြင်းခံရပြီး နိုင်ငံတကာအလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး အာဆီယံဒေသတွင်း တက္ကသိုလ်များနှင့်ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ဆရာမများ၊ အပြန်အလှန်လဲလှယ်ပညာ သင်ကြားခြင်းအစီအစဉ် (Student & Staffs Mobility) များ ရှိလာမှာ ဖြစ်တဲ့အတွက် ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အင်္ဂလန်၊ ဂျာမဏီ၊ အမေရိကန်၊ ကနေဒါ၊ သြစတြေးလျ စတဲ့နိုင်ငံများရှိ နိုင်ငံတကာ တက္ကသိုလ်များမှ အပြန်အလှန်အသိအမှတ်ပြု ပညာရေး ပူးပေါင်း ဆောင်ရွက်ရေး ကမ်းလှမ်းမှုများ ရှိနေကြောင်း သိရှိရပါတယ်။ ယခုအခါ နိုင်ငံအတွင်း ပုဂ္ဂလိက ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ထူထောင်ခွင့်ပြုထားပြီး နိုင်ငံတကာ တက္ကသိုလ်များရဲ့ ဌာနခွဲများ (Staff Center )များ ဖွင့်လှစ် ဆောင်ရွက်လျက်ရှိတဲ့အတွက် မြန်မာနိုင်ငံရဲ့ လက်ရှိ ပညာရည် မြှင့်တင်ရေး လုပ်ငန်းစဉ်များဟာ များစွာ အားရဖွယ်ကောင်းနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဦးခိုင်မောင်ရည် တင်ပြခဲ့တဲ့ အဆိုအား လက်ရှိနိုင်ငံတော် အစိုးရက အကောင် အထည်ဖော်ဆောင်ရွက်ပြီး ဆောင်ရွက်လျက် ရှိနေတဲ့အတွက် ဆက်လက်ဆွေးနွေးရန် မလိုအပ် ကြောင်း မေတ္တာရပ်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည် ဆွေးနွေးပြောကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၇။**

**ဒေါက်တာချမ်းငြိမ်း(ဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ပုဂ္ဂိုလ်ကြီးများအားလုံး မင်္ဂလာ အပေါင်းနဲ့ပြည့်စုံပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဒုတိယအကြိမ် ယနေ့ထပ်မံ ဆုတောင်းလိုက်ပါတယ်။

ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းဖြစ်ပြီး၊ ဦးခင်မောင်ရည် (ခ)ဦးခိုင်မောင်ရည်ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်(ခ)ဦးခင်မောင်ရည်၏ တင်ပြချက်ဖြစ်တဲ့ အခမဲ့

မသင်မနေရ မူလတန်းပညာရေးစနစ် ဆောင်ရွက်ဖော်ဆောင်မှုအား အခြေခံပညာ အလယ်တန်း အဆင့်ထိ မသင်မနေရ အခမဲ့ ပညာရေးစနစ်အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲစနစ် ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့်ပညာရေးစနစ် ကို အစိုးရနှင့်ပုဂ္ဂလိကပါ နှစ်ရပ်စလုံးပါဝင်ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် မူဝါဒများ ရရှိရေး အတွက် ပညာရှင်များပါဝင်သော ကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် ဆိုတဲ့ အဆိုပြုခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

နိုင်ငံတကာရဲ့အခြေခံပညာရေးကဏ္ဍအတွက် ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထားရှိသော ပညာရေးဆိုင်ရာ အခြေခံမူများနဲ့ ပညာရေးဝန်ကြီးဌာန၏ နှစ်ရှည်စီမံကိန်းများကို ပထမ ရှင်းလင်းတင်ပြလိုပါတယ်။ ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော နိုင်ငံပေါင်း ၁၈၉ နိုင်ငံတက်ရောက်ခဲ့သည့် ကုလသမဂ္ဂ ထောင်စုနှစ် ထိပ်သီးအစည်းအဝေး United Nations Millennium Summit တွင် ထောင်စုနှစ် ရည်မှန်းချက် ရှစ် ရပ်ကို တညီတညွတ်တည်းချမှတ်ခဲ့ရာ ပညာရေးကဏ္ဍအတွက် ထောင်စုနှစ်ရည်မှန်းချက် နှစ် ရပ် ပါရှိခဲ့ပါတယ်။ ပထမရည်မှန်းချက်ကတော့ ကျား၊ မ မရွေး ပညာ သင်ကြားခွင့်ရရှိရေးဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ကိုယ့်ရဲ့ယဉ်ကျေးမှုနဲ့ ဒီလိုခွဲခြားမှုတွေမရှိပါဘူးဆိုတာကို တင်ပြလို ပါတယ်။ ဒုတိယရည်မှန်းချက်ဖြစ်တဲ့ ပညာရေးကဏ္ဍထောင်စုနှစ်ရည်မှန်းချက်မှာ ကျောင်းနေအရွယ် ကလေးများ မူလတန်းအဆင့် သင်ယူပြီးမြောက်ရေး (Universal Primary Education )ဖြစ်ပါတယ်။ (Universal Primary Education )ကို သက္ကရာဇ် ၂၀၁၅ ခုနှစ်မှာ ပြီးမြောက်အောင် ချမှတ် ဆောင်ရွက်ရန်ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံပုဒ်မ ၂၈၊ ပုဒ်မခွဲ (ဂ)အရ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို ဖော်ဆောင်ရမည်ဟု တိတိကျကျ ပြဋ္ဌာန်းထား ပါတယ်။ ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာကဏ္ဍ နှစ် ၃၀ ၊ နှစ်ရှည်စီမံကိန်းရဲ့ လုပ်ငန်းစဉ် ၂ အရ နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အထိ သင်ယူပြီးမြောက်စေရေးကို စီမံချက်များချမှတ် ဆောင်ရွက် ထားလျက်ရှိပါတယ်။

မြန်မာနိုင်ငံတွင် အခြေခံပညာကျောင်းသူ၊ ကျောင်းသားပေါင်း ၈.၁သန်း ရှိရာ မူလတန်း အဆင့် ကျောင်းသူကျောင်းသားပေါင်းဟာ ၅.၁၅သန်း ကျော်ရှိသဖြင့် ယခုလက်ရှိတွင် အခြေခံပညာ ကျောင်းသူကျောင်းသားများ၏ ၆၄% သည် အခမဲ့မူလတန်းပညာရေးစနစ်ရဲ့ အကျိုးကျေးဇူးကို ခံစားလျက်ရှိရာ ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက် ( United Nations Millennium Development Goal ) အရလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ

ဥပဒေ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ဂ)အရလည်းကောင်း၊ ကိုက်ညီမှုရှိပြီး ပညာရေးကဏ္ဍ နှစ် ၃၀ ၊ နှစ်ရှည် စီမံကိန်းနဲ့လည်း ကိုက်ညီမှုရှိသော အခမဲ့မူလတန်းပညာရေးစနစ်ကို ဆောင်ရွက်အကောင်အထည် ဖော်နေခြင်း ဖြစ်ကြောင်း တင်ပြလိုပါတယ်။

ကျောင်းနေအရွယ် ကလေးတိုင်းမသင်မနေရ မူလတန်းပညာရေးစနစ် ပြီးမြောက်အောင်မြင် ပြီးမှသာ အလယ်တန်းပညာရေးအဆင့်အထိ မသင်မနေရပညာရေးစနစ် ပြဋ္ဌာန်းသင့်ပါကြောင်းနှင့် အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ဖို့အတွက် နှစ် ၃၀ နှစ်ရှည်စီမံကိန်းတွင် စနစ်တကျ စီမံထားရှိပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်၏ မြန်မာနိုင်ငံ အတွင်း နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲစနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်း နှင့် ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပါ နှစ်ရပ်စလုံးပါဝင်ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် မူဝါဒများရရှိရေးအတွက် ပညာရှင်များပါဝင်သော ကော်မတီတစ်ရပ် ဖွဲ့စည်းရန်နှင့် ပတ်သက်၍ အမျိုးသား ပညာရည်မြင့်မားရေးနှစ် ၃၀ စီမံကိန်းလုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံတကာအဆင့်မီ ပညာရှင်များ ဖော်ထုတ်ရေးအတွက် အောက်ပါလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်လျက် ရှိပါတယ်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဟာ နိုင်ငံတော်အဆင့် ဖွဲ့စည်းထားရှိပြီး၊ အမျိုးသားပညာရည် မြင့်မားရေးအတွက် နိုင်ငံတော်၏ ပညာရေးဆိုင်ရာမူဝါဒများကို ချမှတ်ပေးလျက်ရှိပါတယ်။ အဖွဲ့ဝင် များအဖြစ် တက္ကသိုလ်များ ဖွင့်လှစ်ထားသော ဝန်ကြီးဌာနများမှ ဝန်ကြီးများ ပါဝင်ပါတယ်။ ထိုမူဝါဒ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဝန်ကြီးအဆင့်တွင် အဆင့်မြင့် ပညာရေး ကဏ္ဍ၌ တက္ကသိုလ်ပညာရေးအဖွဲ့ကောင်စီ၊ တက္ကသိုလ်အဖွဲ့များ ဗဟိုကောင်စီများကို ဖွဲ့စည်းထား ပါတယ်။ အဖွဲ့ဝင်များအဖြစ် တက္ကသိုလ်များ ဖွင့်လှစ်ထားသောဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြင်ပပညာရှင်ကြီးများ ပါဝင်ဖွဲ့စည်း ထားပြီး တက္ကသိုလ်များ၏ စီမံခန့်ခွဲရေးနှင့် သင်ကြားရေး၊ သုတေသနပြုရေးကိစ္စများကို အရည် အသွေး မြင့်မားစွာ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ်အဆင့်တွင် တက္ကသိုလ်များမှ ပညာရှင်များနှင့် ပြင်ပ ပညာရှင်များပါဝင်သော တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့နှင့် တက္ကသိုလ်ပညာရေး အဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

နှစ် ၃၀ နှစ်ရှည်စီမံကိန်း အဆင့်မြင့်ပညာကဏ္ဍ၏ လုပ်ငန်းစဉ် ၂၃၊ လုပ်ငန်းစဉ် ၂၄၊ လုပ်ငန်းစဉ်၃၂ တို့အရ တက္ကသိုလ်များတွင်သင်ယူ သင်ကြားလျက်ရှိသော သင်ရိုးညွှန်းတမ်းနှင့်သင်ရိုး မာတိကာများ၊ နိုင်ငံတကာ အဆင့်မီရေးအတွက် တက္ကသိုလ်တိုင်းတွင် Curriculum Development

Team – CDT များ ဖွဲ့စည်းထားပြီး ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ပြင်ပပညာရှင် များပါဝင်တဲ့ နိုင်ငံတကာသင်ရိုးနဲ့ မိမိတို့ တက္ကသိုလ်သင်ရိုးတို့ကို ချိတ်ဆက်၍ စဥ်ဆက်မပြတ် နှိုင်းယှဥ် သုံးသပ်ပြုပြင် ဆောင်ရွက်လျက် ရှိပါတယ်။ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျွမ်းကျင်မှု ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ဝါရင့် ဝိဇ္ဇာ/သိပ္ပံပညာရှင်များ ပါဝင်သည့် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ကိုလည်း ဖွဲ့စည်းပြီး ညှိနှိုင်း ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက် ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အာဆီယံ တက္ကသိုလ်များ ကွန်ယက်၊ (Asean Universities Network - AUN) တွင်အဖွဲ့ဝင်အဖြစ်ပါဝင်လျက် ပူးပေါင်း ဆောင်ရွက်ခြင်း ၊ အင်္ဂလန်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဂျာမဏီနိုင်ငံ၊ ကိုရီးယား သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အစရှိသော နိုင်ငံများရဲ့ တက္ကသိုလ်များနဲ့ချိတ်ဆက်ပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သုတေသနဌာန သင်ကြားရေး ဌာန ပူးပေါင်းဖွင့်လှစ်ခြင်း စသည့် ပါမောက္ခများ လာရောက်ပို့ချခြင်း၊ ပါရဂူဘွဲ့ ကျမ်းများကြီးကြပ် စစ်ဆေးခြင်း၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ပညာသင်များ စေလွှတ်ခြင်း လုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်လျက် ရှိပါတယ်။

အခြေခံပညာကဏ္ဍကို ကြည့်ပြန်ရင်လည်း အခြေခံပညာကဏ္ဍတွင် အခြေခံပညာရေး ကောင်စီကို ဖွဲ့စည်းထားရှိပြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီး ၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခများ၊ ပြင်ပပညာရှင်များပါဝင်တဲ့ အခြေခံပညာရေး အရည်အသွေးမြင့်မားရေး ဆောင်ရွက် လျက်ရှိပါတယ်။ နှစ် ၃၀ နှစ်ရှည် စီမံကိန်း လုပ်ငန်းစဥ် ၃ အရ အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို အခြေခံပညာ အဆင့်နှင့် အဆင့်မြင့်ပညာဌာနမှ တာဝန်ရှိသူများ ပူးပေါင်းပြီး အချိန်နဲ့တပြေးညီ နိုင်ငံတကာ အဆင့်မြှင့်တင် သင်ကြားပေးလျက် ရှိပါတယ်။

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)နှင့် ပူးပေါင်း၍ ဘက်စုံပညာပြည့်ဝရေး လုပ်ငန်း စီမံချက် (Comprehensive Quality Education Program - CQEP)၊ မူလတန်းအရွယ် ကလေးများ ပြုစုစောင့်ရှောက်ရေးစီမံချက် (Early Childhood Care Development - ECCD)၊ အရည်အသွေးပြည့်ဝသည့်အခြေခံပညာရေးစီမံချက်(Quality Basic Education Project - QBE)၊ ဘဝတစ်သက်တာ ကျွမ်းကျင်ရေး စီမံချက် (Life Skills Education Project - LSE)တို့ကို နိုင်ငံတကာ အဆင့်မီဖို့ နိုင်ငံတကာကျွမ်းကျင်ပညာရှင်တို့နှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ဂျပန်နိုင်ငံ၊ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (Japan International Cooperation Agency – JICA)နှင့် ပူးပေါင်း၍ နိုင်ငံတကာ ပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ ဂျပန်ကျွမ်းကျင်သည့် ပညာရှင်များနှင့် ပူးပေါင်းပြီး ကလေးဗဟိုပြု ချဉ်းကပ်နည်းပညာရေးမြှင့်တင်ရေး စီမံချက် (Strengthening Child Centered Approach Project - SCCA) ကိုလည်း အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုင်းနိုင်ငံ နိုင်ငံတကာ ပါဝင်ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (Thai International Cooperation Agency –TICA)၊ ကိုရီးယားနိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (Korea International Cooperation Agency -KOICA) တို့နှင့် ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ သင်ကြားရေး အစီအစဉ်များ၊ စစ်ဆေးတိုင်းတာမှု အစီအစဉ်များနှင့် ဆရာများရဲ့ အရည်အသွေးမြှင့်မားရေး အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

အထက်ဖော်ပြပါ အမျိုးသား ပညာရည် မြှင့်မားရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို တာဝန်ရှိ အဖွဲ့အစည်း အဆင့်ဆင့်မှ ပညာရှင်များ ပါဝင်သော အမျိုးသားပညာရည်မြှင့်မားရေး နှီးနှော ဖလှယ်ပွဲများအား နှစ်စဉ်ကျင်းပ ဆောင်ရွက်လျက်ရှိပြီး ပညာရေးဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများကို ပုံမှန်ပြန်လည်စိစစ်ခြင်း၊ အကဲဖြတ်ခြင်း၊ ပြင်ဆင်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်လျက်ရှိတဲ့အပြင် ပညာရေးကဏ္ဍတွင် ပုဂ္ဂလိကအခန်းကဏ္ဍ ပါဝင်နိုင်ရေးအတွက် အစီအမံများ ထားရှိပြီး ဖြစ်ပါသဖြင့် ဦးခိုင်မောင်ရည် (ခ)ဦးခင်မောင်ရည်၏ အဆိုပြုချက် တင်ပြခြင်းများသည် ပညာရေးဝန်ကြီးဌာနမှ စီမံချက်များ၊ လုပ်ငန်းစဉ်များ၊ ကွက်ပြည့် ချထားကာ အချိတ်အဆက်မိမိ ထိထိ ရောက်ရောက် ဆောင်ရွက်နေသော လုပ်ငန်းများ ဖြစ်နေပါသဖြင့် ကိုယ်စားလှယ်တော်ကြီး တင်သွင်းသော အဆိုသည် အဆိုကောင်းသော်လည်း အခါနှောင်းနေပြီ ဖြစ်သဖြင့် သီးခြားထပ်မံ ဆွေးနွေးရန် မလိုအပ်ကြောင်း ကျေးဇူးတင်စွာဖြင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း ၂၀ ။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးခိုင်မောင်ရည် တင်သွင်းတဲ့ အဆိုနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးသူ လေးဦး၊ ဆွေးနွေးဖြေကြားသူ တစ်ဦး၊ ဖြေကြားမှုများဟာ မိမိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ များစွာ ဗဟုသုတရရှိပြီးတော့ မည်သို့မည်ပုံ ပညာရေး ဝန်ကြီးဌာနနဲ့ ဆက်စပ်တဲ့အဖွဲ့အစည်းများက ဆောင်ရွက်နေကြောင်းလည်း သိရှိသွားခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ အဆိုစတင် တင်သွင်းတဲ့ ဦးခင်မောင်ရည်ကိုသော်လည်းကောင်း၊ အဆိုများနဲ့

ပတ်သက်ပြီးတော့ ဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ် အသီးသီးကိုလည်းကောင်း၊ ဥက္ကဋ္ဌအနေနဲ့ကျေးဇူးတင် ကြောင်း ပဏာမ ပြောလိုပါတယ်။ ဒီနေရာမှာ အဆိုနဲ့ကင်းလွတ်ပြီးတော့ ဆွေးနွေးတာ တချို့လည်း ရှိပါတယ်။ဒါကတော့ အိမ်နီးနားချင်းနိုင်ငံနဲ့ နှိုင်းယှဉ်ပြီးတော့ မိမိနိုင်ငံရဲ့ ကျောင်းသားများ၊ ကျောင်း များ၊ စာသင်ကျောင်းများရဲ့ အခြေအနေတွေကို ဆွေးနွေးကြတာလည်း ကြားလိုက်ပါတယ်။ ဒီဟာသည် အဆိုနှင့် မပတ်သက်ပါဘူး။ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက် ကြီးပွား စေဖို့အတွက် စိတ်ဆန္ဒ စေတနာ အမှန်အပေါ် မူတည်ပြီးတော့ ဆွေးနွေးသွားတယ်လို့ပဲမှတ်ယူပါတယ်။

အလားတူပဲ ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ် အသီးသီးဟာလည်း မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ဖွံ့ဖြိုးဖို့ တခြားနိုင်ငံများနဲ့ တန်းတူရည်တူရှိဖို့၊ ဖြစ်နိုင်လို့ရှိရင် သူများနိုင်ငံထက်ပို၍ တိုးတက်တဲ့ အခြေအနေရှိဖို့ ဆန္ဒရှိကြမှာပါပဲ။ ဒီဆန္ဒကို ဖြစ်မြောက်နိုင်ဖို့အတွက် ဒီကနေ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ခုနှစ်အရ ပေါ်ပေါက်ခဲ့တဲ့ လွှတ်တော်၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်နေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဘောင်အတွင်းကပဲ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတိုင်းပြည် တိုးတက်ကြီးပွားဖို့အတွက် စဉ်းစားဆောင်ရွက်သွားဖို့လိုကြောင်း အဆိုရဲ့ ပြင်ပမှာ ဆွေးနွေးခဲ့တာမူတည်ပြီးတော့ ပြန်လည်ပြောကြားလိုပါတယ်။ အဆိုနဲ့ ပတ်သက်ပြီး တော့ သက်ဆိုင်သူများ ဆွေးနွေးသွားတဲ့နေရာမှာ ဆွေးနွေးသွားချက်များရဲ့ အနှစ်သာရကို ပြန်ပြီးတော့ ချုပ်လိုက်မယ်ဆိုရင် စေတနာကောင်းရှိသော်လည်း ဆန္ဒမစောဖို့၊ စေတနာမှန်သလို၊ လုပ်နည်း လုပ်ဟန် တွေမှန်ကန်ဖို့၊ လက်တွေ့ဆောင်ရွက်နိုင်တဲ့ ဆုံးဖြတ်ချက်များ၊ ဥပဒေ၊ နည်းဥပဒေများရှိသလို၊ ဒါတွေဟာလည်း ကိုယ့်နိုင်ငံကိုယ့်အခြေနေနဲ့ လိုက်လျောညီထွေရှိဖို့ဆိုတာကို ဆွေးနွေးချက်တွေအရ ဖော်ပြပေးနိုင်တဲ့အတွက် ဒီလိုဆွေးနွေးပေးတဲ့ အတွက်လည်း လွှတ်တော် ဥက္ကဋ္ဌနဲ့ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြတဲ့သူများကို ကျေးဇူးတင်မှတ်တမ်းတင်ပါတယ်။ ဒို့အပြင် ပညာရေးဝန်ကြီးဌာနက နောက်ဆုံးတင်ပြဆွေးနွေးသွားတဲ့ နေရာမှာ ဦးခင်မောင်ရည် တင်သွင်းတဲ့ အဆိုဟာ သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းများက စနစ်တကျ ဆောင်ရွက်ပြီး ဖြစ်သလို ဆောင်ရွက်နေတဲ့ ကိစ္စများ လည်း ဖြစ်တဲ့အတွက် ထပ်မံတင်သွင်းရန်မလိုတဲ့ အဆိုဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ အဆိုတင်သွင်းတဲ့ ဦးခင်မောင်ရည်ရဲ့ သဘောထားကို သိလိုပါတယ်။

**အချိန်၊ ၁၂း၂၅။**

**ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ဧည့်သည်တော်များအားလုံး ကျက်သရေ မင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည်ဖြစ်ပါတယ်။ ယနေ့ အပြန်အလှန်ဆွေးနွေး တင်ပြသွားကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး လေး ဦးနဲ့ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း

တို့ကိုလည်း ကျွန်တော့်အနေနဲ့ လေးစားလျက် အထူးပင်ကျေးဇူးတင်ပါတယ်။ ဒီနေ့ ကျွန်တော် တင်သွင်းခဲ့တဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ အပိုင်းနှစ်ပိုင်းရှိပါတယ်။ အဲဒီအပိုင်းနှစ်ပိုင်းစလုံးကိုပဲ ဝန်ကြီး အနေနဲ့ ဆောင်ရွက်နေပါတယ်။ ပညာရေးဝန်ကြီးအနေနဲ့ ဒါကို တင်ပြချက်က ကောင်း သော်လည်း နှောင်းသွားပါတယ်လို့ပြောသွားပါတယ်။ ကျွန်တော်တို့အနေနဲ့တော့ Planning တစ်ခု လုပ်တဲ့အခါမှာ စောတယ်နောက်ကျတယ်ဆိုတာထက် သိပ်မဝေးကွာတဲ့ Planning မျိုးနဲ့ လုပ်သင့်တာ လေးတွေကိုတော့တင်ပြလိုပါတယ်။ဒါပေမယ့် ဒီကနေ့ ဝန်ကြီး ဆွေးနွေးချက်နှင့် ကိုယ်စားလှယ် တော်ကြီးများရဲ့ ဆွေးနွေးသွားချက်များသည် ကျွန်တော့်အနေနဲ့ အထူးပင်မှတ်သားစရာများပါပါတယ်။ ပြီးတော့ ကျွန်တော့်အနေနဲ့ လက်ခံနိုင်တဲ့ အကြောင်းတရားများလည်း ပါပါတယ်။ ဒီအတွက် ကျွန်တော် တင်သွင်းတဲ့ အဆိုသည် ထပ်မံတင်သွင်းစရာ မလိုတော့ကြောင်း လွှတ်တော်သို့ တင်ပြပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနဲ့ပတ်သက်၍ ထပ်မံဆောင်ရွက် ရန်မလိုကြောင်း၊ အဆိုကို စတင် တင်သွင်းတဲ့ ဦးခင်မောင်ရည်ရဲ့တင်ပြချက်ကို လွှတ်တော်ရဲ့ သဘော ထားရယူလိုပါတယ်။ ဒီတင်ပြချက် ပြန်လည်ရုပ်သိမ်းဖို့အတွက် တင်ပြချက်နဲ့ ပတ်သက်ပြီးတော့ လွှတ်တော်က သဘောတူပါသလားခင်ဗျား ။

[ သုံးကြိမ် တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ** ။ ။လွှတ်တော်က သဘောတူတဲ့အတွက် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်တင်သွင်း တဲ့အဆိုနဲ့ ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ရန် မလိုကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာ စားသုံးရန်အတွက် လွှတ်တော်အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို နေ့လယ် ၁ နာရီခွဲ အချိန်မှာ ပြန်လည်စတင်ပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်၊ ၁၃ း ၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အစည်းအဝေးကို ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးစိုးဝင်း ၊ စမ်းချောင်း မဲဆန္ဒနယ်၏ " ပင်စင်လစာငွေများကို နှုန်းအလိုက်ကွဲပြားစွာ ခံစားနေရသည့်အတွက် ယခုခေတ် ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသောကြောင့် ပင်စင်လစာများကို အဆင့် နှစ်ဆင့် သို့မဟုတ် အဆင့် သုံးဆင့် စဥ်းစားခွဲခြား ထုတ်ပေးပါရန်နှင့် အသက် အုပ်စုအလိုက် စိစစ်ပြဋ္ဌာန်းပေးပါရန် " အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုတင်သွင်းခြင်း အစီအစဥ်ကို ဆက်လက်ဆောင်ရွက်ပါမယ်။ စမ်းချောင်း မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက အဆိုတစ်ရပ်တင်သွင်းလိုကြောင်း ကြိုတင်ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈ (က)အရ အဆိုတင်သွင်းမည့် ကိုယ်စားလှယ်အား လွှတ်တော်ဥက္ကဋ္ဌက ဖိတ်ခေါ်တဲ့အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာဖတ်ပြတင်သွင်းပြီး ဆွေးနွေးပြောဆိုရန် သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြရန်ဖြစ်ပါတယ်။ **‘‘ပင်စင်လစာငွေများကို နှုန်းအလိုက် ကွဲပြားစွာ ခံစားနေရသည့်အတွက် ယခုခေတ် ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသောကြောင့် ပင်စင်လစာများကို အဆင့်နှစ်ဆင့် သို့မဟုတ် အဆင့်သုံးဆင့် စဥ်းစား ခွဲခြား ထုတ်ပေးပါရန်နှင့် အသက်အုပ်စုအလိုက် စိစစ်ပြဋ္ဌာန်းပေးပါရန် ’’** အဆိုကို တင်သွင်းဖို့ ဦးစိုးဝင်း အား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၃၂။**

**ဦးစိုးဝင်း(စမ်းချောင်း မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကနေ့ ဒီလွှတ်တော်မှာ ကျွန်တော် တင်သွင်းချင်တဲ့အဆိုကတော့ ဒီလွှတ်တော်မှာပဲ ပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဥ် မှာ ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ်က ပင်စင်အနေနဲ့ ပတ်သက်လို့ မေးခွန်းမေးထားပြီး သားဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီနေ့က ဝန်ကြီးကနေပြီး သင့်လျော်သော အချိန်တွင် ဆောင်ရွက် သွားပါမယ်လို့ ဖြေကြားထားပြီးသားဖြစ်ပါတယ်။ ဒါပေမယ်လို့ ဒီနေ့ ဒီနေရာမှာ ကျွန်တော်ထပ်ပြီး တင်ပြချင်တာက နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားကြတဲ့ သက်ကြီးရွယ်အို ပင်စင်စားများ အတွက် အထူးပြုပြီး ဒါကို ထပ်ပြီးတော့ တင်ပြခြင်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဦးစိုးဝင်း ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အောက်ပါအဆိုကို တင်သွင်းအပ်ပါတယ်။

ယခုအချိန်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်း လာခဲ့ပြီး ထိုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသော ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များလည်း အသီးသီးဖြစ်တည်လာခဲ့ပြီး ဖြစ်ပါတယ်။ ဥပဒေပြုရေး ၊ အုပ်ချုပ်ရေး၊တရားစီရင်ရေး စသည့် အချုပ်အခြာအာဏာ သုံးရပ်ကို ပီပြင်စွာ ခွဲခြားကျင့်သုံးနိုင်ခဲ့ပြီဖြစ်သော အမိမြန်မာနိုင်ငံတော်နဲ့ ပြည်သူပြည်သား အပေါင်းတို့ အတွက် အထူးကောင်းမြတ်ခြင်း နိမိတ်လက္ခဏာဆောင်သည့် ဤမင်္ဂလာအချိန်အခါတွင် ပြည်ထောင်စု မြန်မာနိုင်ငံသားအားလုံးကို စီးပွားရေးအခွင့်အလမ်း၊ ဥပဒေ၏ ခွင့်ပြုချက် အောက်တွင် အညီအမျှ ခံစားရရှိစေပြီး နိုင်ငံတော်သစ်၏ ရှေ့ခရီးတွင် အရှိန်အဟုန်မြင့် စီးပွားဖွံ့ဖြိုးတိုးတက်အေးချမ်းသာယာဝပြောစေခြင်းငှာ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာငွေ ကဏ္ဍနှင့် သက်ဆိုင်သော အောက်ပါအဆိုမူကြမ်းတစ်ရပ်ကို တင်သွင်းအပ်ပါသည်။

အဆိုမူကြမ်း- ပင်စင်လစာငွေများကို နှုန်းအလိုက်ကွဲပြားစွာ ခံစားနေရသည့်အတွက် ယခုခေတ်ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသော ကြောင့် ပင်စင်လစာများကို အဆင့် နှစ်ဆင့် သို့မဟုတ် အဆင့်သုံးဆင့် စဥ်းစားခွဲခြားထုတ်ပေးပါရန်နှင့် အသက် အုပ်စုအလိုက် စိစစ်ပြဋ္ဌာန်းပေးပါရန် အဆိုတင်သွင်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ယခု ဦးစိုးဝင်း တင်သွင်းသွားတဲ့ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၃၃။**

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပ မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေရန် ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပင်စင်စားအများစု၏ ဘဝအခြေအနေများကို ထောက်ထားစာနာပါသဖြင့် ပင်စင်လစာငွေများနှင့်ပတ်သက်ပြီးတော့ စမ်းချောင်းမြို့နယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း တင်သွင်းသည့် အဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## **လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စမ်းချောင်း မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ " **ပင်စင်လစာငွေများကို နှုန်းအလိုက်ကွဲပြားစွာ ခံစားနေရသည့်အတွက် ယခုခေတ် ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသောကြောင့် ပင်စင်လစာများကို အဆင့် ၂ ဆင့် သို့မဟုတ် အဆင့် ၃ ဆင့် စဉ်းစားခွဲခြား ထုတ်ပေးပါရန်နှင့် အသက်အုပ်စုအလိုက် စိစစ်ပြဋ္ဌာန်းပေးပါရန်"** ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ ဦးစိုးဝင်း တင်သွင်းတဲ့ အဆိုကို လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စမ်းချောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း တင်သွင်းတဲ့အဆိုနဲ့ စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စမ်းချောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း တင်သွင်းတဲ့အဆိုကို မနက်ဖြန် ၂၀၁၁ခုနှစ်၊ မတ်လ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) ပြည်သူ့လွှတ်တော်အစည်းအဝေး ၁၁ ရက်မြောက်နေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းကြရန်ဖြစ်ပါတယ်။

## **ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်၏ " တောင်သူလယ်သမားများ၏ထွက်ကုန်သီးနှံများကို တည်ငြိမ်သော ဈေးရရှိစေခြင်းငှာ သင့်တင့်သောထိန်းသိမ်းခ သတ်မှတ်၍ အစိုးရနှင့် ပုဂ္ဂလိကတို့ထံ တရားဝင် အပ်နှံထားခွင့်ပြုရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန် " အဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဇွန်တောင် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်က အဆိုတစ်ရပ် တင်သွင်းလိုကြောင်း ကြိုတင်ပေးပို့ ထားပါတယ်။ အဆိုတင်သွင်းမည့် ကိုယ်စားလှယ်အနေနဲ့ ဥက္ကဋ္ဌက ဖိတ်ခေါ်တဲ့အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာ ဖတ်ပြတင်သွင်းပြီး ဆွေးနွေးပြောဆိုရန် သို့မဟုတ် အဆိုကို

မတင်သွင်းလိုတော့ကြောင်း တင်ပြရန် ဖြစ်ပါတယ်။ “**တောင်သူလယ်သမားများ၏ ထွက်ကုန်သီးနှံကို တည်ငြိမ်သောဈေး ရရှိစေခြင်းငှာ သင့်တင့်သော ထိန်းသိမ်းခ သတ်မှတ်၍ အစိုးရနှင့်ပုဂ္ဂလိကတို့ထံ တရားဝင် အပ်နှံထားခွင့်ပြုရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန်** ”အဆိုကို တင်သွင်းဖို့ ဦးအောင်ဇင်အား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃ း၃၆ ။**

**ဦးအောင်ဇင်( ပုဇွန်တောင် မဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဇင် ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းလိုတဲ့ အဆိုကတော့ မြန်မာနိုင်ငံမှာရှိသော လူဦးရေ၏ ၇၀% နေထိုင်သော ကျေးလက်စီးပွားရေး ဖွံ့ဖြိုးစေရန်နှင့် နှစ်စဉ်ထွက်ရှိသော စပါးသီးနှံများအပေါ် အာမခံထားရှိ နိုင်သည့် ဥပဒေတစ်ရပ် အမှန်ပင် လိုအပ်လျက်ရှိပါတယ်။ တောင်သူ လယ်သမား များ၏ ထွက်ကုန်သီးနှံများကို တည်ငြိမ်သောဈေး ရရှိစေခြင်းငှာ သင့်တင့်သော ထိန်းသိမ်းခ သတ်မှတ်၍ အစိုးရနှင့်ပုဂ္ဂလိကတို့ထံ တရားဝင် အပ်နှံခွင့်ပြုရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန် အဆိုပြုအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စပါးသီးနှံအပေါ် အာမခံထားခြင်း ဆိုသည်ကို အနည်းငယ် ရှင်းပြခွင့်ပြုပါခင်ဗျား။ သီးနှံအပေါ် အာမခံဆိုသည်မှာ သီးနှံကို စိုက်ထုတ်ရင်းနှီးမြှုပ်နှံရသော စရိတ်ကို ကာမိ၍ အရှုံးမပေါ်စေသော ဈေးနိမ့်မခံရသော အနိမ့်ဆုံးဈေးနှုန်းကို အစိုးရက သတ်မှတ်ပြဋ္ဌာန်းပေးရန် ဖြစ်ပါတယ်။ ဤသို့ဖြင့် စပါးသီးနှံများ ဈေးကောင်းရသည့်အခါ တောင်သူလယ်သမားတို့ ပြန်လည်ထုတ်ယူရောင်းချနိုင်ခြင်းဖြင့် ကျေးလက် စီးပွားရေးကို တဖက်မှတိုးတက်စေရန် အားဖြည့်နိုင်မည်ဖြစ်ပါတယ်။ ထို့အပြင် အပ်နှံမှုအပေါ် တစ်စုံတစ်ရာ ချို့ယွင်းပျက်စီးပါက အပ်နှံ သူက အလျော်ရလိုကြောင်း တိုင်ကြားခွင့် ရှိစေရေးကိုလည်း တစ်ပါတည်း ပြဋ္ဌာန်းသတ်မှတ်ပေးရန်လည်း တင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးအောင်ဇင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၃၈။**

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များရှင့် ။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန် မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းဖြစ်ပါတယ်ရှင့်။ ယခုလို ပုဇွန်တောင် မဲဆန္ဒနယ်မှ ဦးအောင်ဇင် အဆိုတင်သွင်းထားတဲ့ တောင်သူလယ်သမားများရဲ့ ထွက်ကုန်သီးနှံများကို တည်ငြိမ်သော ဈေးနှုန်းရရှိစေခြင်းငှာ သင့်တင့်သော ထိန်းသိမ်းခ သတ်မှတ်၍ အစိုးရနှင့် ပုဂ္ဂလိကတို့ထံ တရားဝင်အပ်နှံထားခွင့်ပြုရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန် အဆိုကို ကျွန်မက ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဇွန်တောင် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် တင်သွင်းတဲ့ အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **“ တောင်သူလယ်သမားများရဲ့ ထွက်ကုန်သီးနှံများကို တည်ငြိမ်သောဈေး ရရှိစေခြင်းငှာ သင့်တင့်သော ထိန်းသိမ်းခ သတ်မှတ်၍ အစိုးရနှင့်ပုဂ္ဂလိကတို့ထံ တရားဝင် အပ်နှံထားခွင့်ပြုရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရေး”** အဆို ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်ရဲ့ ဆန္ဒ ရယူပါမယ်။ ဦးအောင်ဇင် တင်သွင်းတဲ့ အဆိုကို လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ပုဇွန်တောင် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် တင်သွင်းတဲ့ အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဇွန်တောင် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် တင်သွင်းတဲ့အဆိုကို မနက်ဖြန် ၂၀၁၁ခုနှစ်၊ မတ်လ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) ပြည်သူ့လွှတ်တော်အစည်းအဝေး ၁၁ ရက်မြောက်နေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းကြရန်ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၁ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါတယ်။ ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၁ခုနှစ်၊ မတ်လ ၁၆ ရက်(ဗုဒ္ဓဟူးနေ့) ၁၀း၀၀နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်အခွင့်အရေးကော်မတီ ၊ ကော်မတီဝင်များအား ကော်မတီယာယီရုံးခန်းမှာ စုစည်းရန် ကော်မတီအတွင်းရေးမှူးမှ ဖိတ်ကြားထားပါတယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး အစည်းအဝေးခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေး ဒသမနေ့ကို ၁၂း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]